# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

စက်တင်ဘာလ ၂၀၂၄ ခုနှစ်

HURFOM

Human Right Foundation of Monland September 2024

# ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ဒေသခံပြည်သူအများအပြား ရေဘေးသင့်နေပြီး ကယ်ဆယ်ရေး စခန်းများတွင် ပြည်သူထောင်ချီ ခိုလှုံနေရသည်။

**စက်တင်ဘာလ ၂၀၂၄**

ယခုမိုးရာသီတွင် မြန်မာနိုင်ငံအနှံ့အပြား ရေကြီးရေလျှံမှုများ ဖြစ်ပွားနေပြီး စက်တင်ဘာလတွင် ပြည်သူအများအပြား ရေဘေးသင့်ခဲ့သည်။ စက်တင်ဘာလ (၁၀) ရက်နေ့တွင် ရေမျက်နှာပြင်မြင့်တက်လာခြင်းကြောင့် ကျေးလက်နှင့် မြို့ပြ (၂) ခုစလုံးတွင် ရေကြီးရေလျှံခဲ့ပြီး ထောင်ပေါင်းများစွာသော ပြည်သူများသည် “ရရာသယ်ပြီး” ရေဘေးရှောင်နေရသည်။ “ရာဂီ” မုန်တိုင်းကြောင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဒေသများဖြစ်သည့် မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင်လည်း ရေကြီးရေလျှံခဲ့သည်။

ကရင်ပြည်နယ်တွင် အထူးသဖြင့် ဘားအံ၊ လှိုင်းဘွဲ့ နှင့် မြဝတီမြို့နယ်များမှ ဒေသခံပြည်သူ (၁၆,၀၀၀) ကျော်သည် စိုးရိမ်ရေမှတ် ကျော်လွန်လာသဖြင့် ဘေးလွတ်ရာရှောင်တိမ်းခဲ့ရသည်။ တနင်္သာရီဒေသတွင် ရေမျက်နှာပြင်သည် (၈) မီတာအထိ မြင့်တက်လာခဲ့ပြီး အနီးပတ်ဝန်းကျင်မြို့နယ်များကို ရေလွှမ်းခဲ့သည်။ လူဦးရေ (၃၀၀) ကျော် တိမ်းရှောင်ခဲ့ရသည်။ ရေကြီးရေလျှံမှုများ ဖြစ်ပွားလာခြင်းနှင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရခြင်းများကြောင့် အဆိုပါဒေသများရှိ ပြည်သူလူထုများ၏ အခြေအနေသည် ပိုမိုဆိုးရွားလာသည်။

မွန်ပြည်နယ်တွင် ဘီးလင်း၊ ကျိုက်ထိုနှင့် ကရင်အမျိုးသား အစည်းအရုံး ထိန်းချုပ်နယ်မြေများ တွင်လည်း ရေဘေးဒုက္ခများ ခံစားခဲ့ရသည်။ မိုးအဆက်မပြတ်ရွာသွန်းမှု၏ နောက်ဆက်တွဲအဖြစ် ရေကြီးရေလျှံမှုများ ဖြစ်ပွားလာပြီး အိမ်ထောင်စု (၆၀၀) နီးပါးသည် ရေဘေးလွတ်ရန်အတွက် ကုန်းမြင့်ပိုင်းနေရာများသို့ ရွှေ့ပြောင်းခဲ့ရသည်။ ရာသီဥတုဆိုးရွားမှုကြောင့် ကျေးရွာအများအပြားမှ ဒေသခံပြည်သူများသည် ဘေးလွတ်ရာပြောင်းရွှေ့ခဲ့ရပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်နေသည်။ ဒေသန္တရအစိုးရနှင့် ကရင်အမျိုးသား အစည်းအရုံးတို့က အခြေအနေများကို မျက်ခြေမပြတ် စောင့်ကြည့်နေကြသည်။

စက်တင်ဘာ (၁၂) နှင့် (၁၆) ရက်နေ့များအတွင်း ကျိုက်ထို၊ ဘီးလင်းနှင့် သထုံမြို့နယ်ရှိ စစ်တောင်းမြစ်ကမ်းနံဘေးမှ ကျေးရွာ (၄၈) ရွာခန့် ရေနစ်မြုပ်ခဲ့သည်။ မြေပြိုမှုများပါ ဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု (၅,၀၀၀) လူဦးရေအားဖြင့် (၅၀,၀၀၀) နီးပါး ထိခိုက်ခံစားခဲ့ရသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လလယ်မှစ၍ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာမှ ဒေသခံပြည်သူ (၄,၀၀၀) ကျော်သည် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်းကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး နီးစပ်ရာတောတောင်၊ ဥယျာဉ်ခြံများနှင့် မြို့ရွာများတွင် ခိုလှုံနေရသည်။

စစ်ဘေးရှောင်ပြည်သူတစ်ဦး၏ ပြောပြချက်အရ ဒေသခံပြည်သူအယောက် (၅၀၀) နီးပါးသည် တောင်ခြေတစ်ခုတွင် “ဖြစ်သလို” ခိုလှုံနေရပြီး အကူအညီများ အထူးလိုအပ်လျက်ရှိကြောင်း သိရသည်၊

**“မိုးရာသီဆိုတော့ ရာသီဥတုဒဏ်ကို အတော်ခံရတယ်။ ဟိုနားဒီနားလည်း သွားလို့မရဘူး။ အပြင်ထွက်ပြီး စျေးဝယ်ဖို့ကြတော့လည်း လေကြောင်းတိုက်ခိုက်မှုကို ကြောက်ရသေးတယ်”** ဟု ၎င်းက ပြောသည်။

## စက်တင်ဘာလ ၂၀၂၄

စစ်ဘေးရှောင်ပြည်သူများအနေဖြင့် အခက်အခဲအများအပြား ကြုံတွေ့နေရပြီး အစားအစာ၊ အမိုးအကာနှင့် ဆေးဝါးအကူအညီများ လိုအပ်လျက်ရှိသည်။ မည်သည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့မျှ ရောက်ရှိမလာချေ။ ဒေသခံစစ်ဘေးရှောင်များမှာ အဆိုပါတောတောင်တွင်သာ **"ကူကယ်ရာမဲ့"** ပုန်းအောင်းနေရသည်။

**"အကူအညီပေးမယ်ဆိုရင် ကျွန်မတို့နေတဲ့တောင်အောက်ကို ရောက်ဖို့ အဝေးကြီး လမ်းလျှောက်လာရမယ်။ ဘယ်သူမှလည်း မလာရဲဘူး။ နေမကောင်းဖြစ်လို့ ဆရာဝန်ခေါ်မယ်ဆိုရင် (၃) မိုင်လောက် လမ်းလျှောက်ရတယ်"** ဟု စစ်ဘေးရှောင်အမျိုးသမီးတစ်ဦးက ပြောသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စုံစမ်းတွေ့ရှိချက်အရ အနန်းကွင်းနှင့် အနီးဝန်းကျင် ကျေးရွာများဖြစ်သည့် တညင်၊ ဖာယာ၊ ပန်းအောင်၊ ပုတော၊ ရက်ဖော၊ ကကတစ်နှင့် ခွန်နဝါကျေးရွာများတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ဖြတ်တောက်ခံထားရသည်။

**"တစ်ခါတလေ စကားပြောနေရင်းနဲ့ကို ဖုန်းလိုင်းက ပြတ်သွားတယ်။ တချို့စစ်ဘေးရှောင်တွေက ကိုယ့်မိသားစုဝင်တွေနဲ့ အဆက်အသွယ်မရကြဘူး"** ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

ကရင်ပြည်နယ်တွင် ဂျိုင်းမြစ်နှင့် သံလွင်မြစ်အထက်ပိုင်းမှ ရေကြီးရေလျှံမှုများကြောင့် တပ်မဟာ (၆) မြောက်ဘက်နှင့် အရှေ့ဘက်ခြမ်းရှိ ဒေသခံပြည်သူများ ရေဘေးသင့်ခဲ့သည်။ စစ်ရှောင်စခန်း (၃) ခုလည်း ရေနစ်မြုပ်ခဲ့ရသည်။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းရှိ မွန်ပြည်သစ်ပါတီနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်မဟာ (၄) ဒေသရှိ စစ်ဘေးရှောင်စခန်း (၄) ခုနှင့် ကျေးရွာ (၈) ရွာ ရေနစ်မြုပ်ခဲ့သည်။

World Food Program ကဲ့သို့သော ကမ္ဘာ့ကုလသမဂ္ဂအေဂျင်စီနှင့် ၎င်းတို့၏မိတ်ဖက် အဖွဲ့အစည်းများက ဘီးလင်း၊ ကျိုက်ထိုနှင့် ဘားအံမြို့နယ်များရှိ အဖွဲ့ငယ်များကို ကူညီပံ့ပိုး ပေးနေသည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်များထိန်းချုပ်ဒေသရှိ ဝေးလံခေါင်သီသည့် နေရာများမှ ပြည်သူများမှာ ဒေသတွင်းကူညီထောက်ပံ့မှုနှင့် လှူဒါန်းမှုများအပေါ်တွင်သာ အဓိကမှီခိုအားထားနေရသည်။ စစ်ကောင်စီက အင်တာနက်လိုင်းများကို ဖြတ်တောက်ထားခြင်းကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာနေသည်။

ဒေသတွင်းအဖွဲ့အစည်းများနှင့် ကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များက အိထုထ၊ ရေလဲနှင့် ဖလန်းဒုက္ခသည်စခန်းများမှ ရေဘေးသင့်ပြည်သူများကို အဝတ်အစား၊ စောင်နှင့် မီးဖိုချောင်သုံးပစ္စည်းများ စုပေါင်းလှူဒါန်းခဲ့ကြသည်။

၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့ မအောင်မြင်သည့် အာဏာသိမ်းမှုနောက်ပိုင်း မွန်ပြည်နယ်ရှိ လူမှုကယ်ဆယ်ရေးအသင်းများသည် ဘဏ္ဍာရေးနှင့် ထောက်ပံ့ရေးဆိုင်ရာ အခက်အခဲများအပြင် လူမှုစီးပွား၊ လုံခြုံရေးနှင့် အခြားစိန်ခေါ်မှုများကိုလည်း ကြုံတွေ့ခဲ့ရသည်။ ယခင်နှစ်များတွင် လူမှုကယ်ဆယ်ရေးကိစ္စရပ်များကို အခမဲ့ဆောင်ရွက်ပေးခဲ့သော်လည်း ယခုအခါတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် အခကြေးငွေတစ်စုံတရာ သတ်မှတ်တောင်းဆို လာရသည်။

စက်သုံးဆီရှားပါးခြင်းနှင့် ဈေးနှုန်းမြင့်တက်လာခြင်းတို့ကြောင့် လူနာများကိုဆေးရုံပို့ဆောင်ခြင်းနှင့်မတော်တဆမှုများအတွက် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့အတွက် အခကြေးငွေ သတ်မှတ်လာရသည်။

မွန်ပြည်နယ်အတွင်းရှိ ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဆိုင်များတွင် ဆေးဝါးများ အထူးသဖြင့် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါနှင့် ကျောက်ကပ်ရောဂါများစသည့် နာတာရှည်ရောဂါများအတွက် ဆေးဝါးများ ပြတ်လပ်လာသည်။ စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း ဆေးဝါးပြတ်လပ်မှုများ တစ်စတစ်စ ပိုမိုဆိုးရွားလာပြီး ယခုနှစ်လယ်တွင် အဆိုးရွားဆုံးအနေအထားသို့ ရောက်

ရှိလာသည်။ ဈေးနှုန်းလည်း အဆမတန်မြင့်တက်လာသည်။

ဆေးဝါးပြတ်လပ်ခြင်းသည် ဆေးပုံမှန်စွဲသောက်နေရသူ နာတာရှည်လူနာများအတွက် ကြီးမားသည့်အခက်အခဲ ဖြစ်ကြောင်း ဆေးဆိုင်များက ပြောသည်။

**“အဓိက,က နာတာရှည်လူနာတွေ စွဲသောက်နေရတဲ့ ဆေးတွေက (၅၀) ရာခိုင်နှုန်းလောက် ပြတ်နေတယ်။ လွယ်လွယ်နဲ့ရတဲ့ဆေးတွေတောင် (ခုချိန်မှာ) ပြတ်နေတယ်။ (နာတာရှည်ရောဂါအတွက်) မဖြစ်မနေသုံးရတဲ့ ဆေးတွေဆို မှာထားသမျှ ဘာတစ်ခုမှရမလာဘူး။ ဆီးချိုဆေးတွေဆို (၁) နှစ်လောက် ပြတ်သွားတာမျိုးလည်း ရှိခဲ့ဖူးတယ်”** ဟု ဆေးဆိုင်ဝန်ထမ်းတစ်ဦးက ပြောသည်။

သောက်နေကျဆေးဝါးများကို အာနိသင်တူဆေးဝါးများဖြင့် အစားထိုးလာနေရပြီး ဆေးဝါးရှားပါးလာခြင်းကြောင့် ဈေးနှုန်းများလည်း ထပ်မံမြင့်တက်လာသည်။ ဆေးကုမ္ပဏီများသည် လက်ကျန်ဆေးဝါးမရှိသည့်အတွက် အရောင်းရပ်နားရသည်အထိ ဆေးဝါးပြတ်လပ်လာသည်။

ဒေသခံအများစုအသုံးပြုနေသည့် “ပါရာစီတမော” (၁) ဖူးကို ယခင်က (၇,၀၀၀) ကျပ်ဖြင့် ဝယ်ယူရရှိနိုင်သော်လည်း ယခုအခါတွင် ကျပ် (၃၀,၀၀၀) အထိ ပေးဝယ်နေရသည်။ ဈေးနှုန်း (၄) ဆကျော် မြင့်တက်သွားခြင်း ဖြစ်သည်။

**“မတတ်နိုင်တဲ့သူတွေဆို ဒုက္ခကရောက်ကြတယ်။ လိုတဲ့ဆေးလည်း အလွယ်မရနိုင်၊ ဈေးနှုန်းကလည်း အဆမတန်တက်ဆိုတော့လေ။ မြို့ထိတက်ဝယ်ဖို့ကလည်း လမ်းစရိတ်မတတ်နိုင်”** ဟု ဆေးဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောသည်။

ဆေးဝါးပြတ်လပ်မှုကြောင့် ဆေးပုံမှန်မသောက်သုံးနိုင်ပါက အချိန်မတိုင်ခင် အသက်သေဆုံးနိုင်သည့် အခြေအနေများ ဖြစ်ပေါ်လာနိုင်ကြောင်း ဆရာဝန်များက သတိပေးပြောဆိုထားသည်။

**“အဓိက,က နာတာရှည်လူနာတွေ စွဲသောက်နေရတဲ့ ဆေးတွေက (၅၀) ရာခိုင်နှုန်းလောက် ပြတ်နေတယ်။ လွယ်လွယ်နဲ့ရတဲ့ဆေးတွေတောင် (ခုချိန်မှာ) ပြတ်နေတယ်။ (နာတာရှည်ရောဂါအတွက်) မဖြစ်မနေသုံးရတဲ့ ဆေးတွေဆို မှာထားသမျှ ဘာတစ်ခုမှရမလာဘူး။ ဆီးချိုဆေးတွေဆို (၁) နှစ်လောက် ပြတ်သွားတာမျိုးလည်း ရှိခဲ့ဖူးတယ်”** ဟု ဆေးဆိုင်ဝန်ထမ်းတစ်ဦးက ပြောသည်။

သောက်နေကျဆေးဝါးများကို အာနိသင်တူဆေးဝါးများဖြင့် အစားထိုးလာနေရပြီး ဆေးဝါးရှားပါးလာခြင်းကြောင့် ဈေးနှုန်းများလည်း ထပ်မံမြင့်တက်လာသည်။ ဆေးကုမ္ပဏီများသည် လက်ကျန်ဆေးဝါးမရှိသည့်အတွက် အရောင်းရပ်နားရသည်အထိ ဆေးဝါးပြတ်လပ်လာသည်။

ဒေသခံအများစုအသုံးပြုနေသည့် “ပါရာစီတမော” (၁) ဖူးကို ယခင်က (၇,၀၀၀) ကျပ်ဖြင့် ဝယ်ယူရရှိနိုင်သော်လည်း ယခုအခါတွင် ကျပ် (၃၀,၀၀၀) အထိ ပေးဝယ်နေရသည်။ ဈေးနှုန်း (၄) ဆကျော် မြင့်တက်သွားခြင်း ဖြစ်သည်။

**“မတတ်နိုင်တဲ့သူတွေဆို ဒုက္ခကရောက်ကြတယ်။ လိုတဲ့ဆေးလည်း အလွယ်မရနိုင်၊ ဈေးနှုန်းကလည်း အဆမတန်တက်ဆိုတော့လေ။ မြို့ထိတက်ဝယ်ဖို့ကလည်း လမ်းစရိတ်မတတ်နိုင်”** ဟု ဆေးဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောသည်။

ဆေးဝါးပြတ်လပ်မှုကြောင့် ဆေးပုံမှန်မသောက်သုံးနိုင်ပါက အချိန်မတိုင်ခင် အသက်သေဆုံးနိုင်သည့် အခြေအနေများ ဖြစ်ပေါ်လာနိုင်ကြောင်း ဆရာဝန်များက သတိပေးပြောဆိုထားသည်။

## ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခြင်း

စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်နေသဖြင့် ပြည်သူများမှာ ထွက်ပြေးတိမ်းရှောင်နေရသည်။ ပစ်ခတ်ရာတွင် ရမ်းသမ်းပစ်ခတ်သည့်အပြင် တိုက်ပွဲဖြစ်ပွားခြင်းမရှိသည့်အချိန်တွင်ပင် ပစ်ခတ်နေခြင်း ဖြစ်သည်။ ပြည်သူများသည် လက်နက်ကိုင်ပဋိပက္ခကြောင့် “ကိုယ်ရောစိတ်ပါ”

ထိခိုက်ခံစားစေရန် စစ်ကောင်စီက ပြည်သူများအကြား အကြောက်တရားများ ရိုက်သွင်းနေခြင်း ဖြစ်သည်။

ထိုင်း-မြန်မာနယ်စပ်သို့သွားရာလမ်းဖြစ်သည့် သံဖြူဇရပ်-ဘုရားသုံးဆူလမ်းတလျှောက်တွင် တိုက်ပွဲများ နေ့စဉ်ရက်ဆက်ဖြစ်ပွားနေခြင်းကြောင့် ဒေသခံပြည်သူ (၅) ဦးထက်မနည်း သေဆုံးခဲ့ပြီး ထောင်ချီ ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။

ဩဂုတ်လ (၂၉) ရက်နေ့တွင် အနန်းကွင်း၊ ရဲတံခွန်၊ သင်္ကောနှင့် လွတ်ရှမ်းကျေးရွာများမှ အမျိုးသမီးနှင့် ကလေးသူငယ်များအပါအဝင် ဒေသခံပြည်သူ (၅) ဦး ထက်မနည်းသည် Y-12 စစ်ရဟတ်ယာဉ်၏ လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုတို့ကြောင့် သေဆုံးခဲ့ရသည်။

**"မနက် (၉) နာရီလောက်မှာ Y-12 တိုက်လေယာဉ်နဲ့ ဗုံးလာကြဲတာ။ ပြီးတော့ ဝဲကလိအမြောက်တပ်ကလည်း လက်နက်ကြီးနဲ့ အဆက်မပြတ်ပစ်နေတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

တညင်၊ ဖာယာ၊ ပန်းအောင်၊ ပုတော၊ ရက်ဖော၊ ကကတစ်နှင့် ခွန်နဝါကျေးရွာများမှ ဒေသခံပြည်သူ ထောင်ချီ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေ သဖြင့် လုံခြုံရာနေရာများတွင် ခိုလှုံနေရသည်။

စစ်ကောင်စီတပ်က လက်နက်ကြီးတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေသဖြင့် အခြေအနေများဆက်လက် ဆိုးရွားနေပြီး ဘုရားသုံးဆူလမ်းပေါ်ရှိ သင်္ကောကျေးရွာ အနီးတဝိုက်တွင်လည်း လက်နက်ကြီးကျရောက်ပေါက်ကွဲမှုများ နေ့စဉ်ရက်ဆက် ဖြစ်ပွားနေသည်။

ဩဂုတ်လ (၂၈) ရက်နေ့တွင် ဝဲကလိအခြေစိုက် အမြောက်တပ်ရင်းက ပစ်ခတ်လိုက်သည့် လက်နက်ကြီး ကြောင့် ရဲတံခွန်ကျေးရွာရှိ အမျိုးသမီး (၁) ဦးနှင့် ဦးခွေး-ဒေါ်ယိမ်းကျေးရွာ အပြင်ဘက်ရှိ နေအိမ် (၁) အိမ်မှ ကလေးငယ် (၂) ဦး သေဆုံးခဲ့သည်။ ကလေးငယ်များ၏ ဖခင်ဖြစ်သူမှာလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဩဂုတ်လ နောက်ဆုံးအပတ်တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အနန်းကွင်းရွာသား (၁) ဦး သေဆုံးခဲ့ပြီး ကျေးရွာတွင် စားစရာပြန်ယူသည့် အခြားဒေသခံ (၁) ဦးလည်း ပျောက်ဆုံးနေကြောင်း အနန်းကွင်းကျေးရွာမှ အမျိုးသမီးတစ်ဦးက ပြောသည်။

၎င်းပြင် အနန်းကွင်းကျေးရွာမှ စစ်ဘေးရှောင်ပြည်သူ (၆) ဦးသည် တိမ်းရှောင်နေစဉ် နာမကျန်းဖြစ်ပြီး သေဆုံးခဲ့ရသည်။ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် ဖာယာ၊ လွတ်ရှမ်း၊ ဝင်းခရ၊ ကျုံကဝန်း၊ တညင်၊ ကျောက်ဘီလူး၊ သံပုရာနှင့် အနန်းကွင်းကျေးရွာများ ထိခိုက်ပျက်စီးခဲ့ရသည်။

**"လက်နက်ကြီးကတော့ ရွာထဲကို နေ့တိုင်းကျနေတာပဲ။ ဒဏ်ရာရတဲ့သူလည်း (၅) ယောက် ကျော်သွားပြီ"** ဟု ဒေသခံတစ်ဦးက ပြောသည်။

သံဖြူဇရပ်မြို့နယ် အမှတ် (၃၁၅) အမြောက်တပ်က လက်နက်ကြီးများကို ရမ်းသမ်းပစ်ခတ်နေသည်။ တော်လှန်ရေးအင်အားစုများက အနန်းကွင်းစစ်စခန်းကို ချဉ်းကပ်လာချိန်တွင် စစ်ကောင်စီက လေကြောင်း တိုက်ခိုက်မှုများ၊ ဗုံးကြဲမှုများဖြင့် တုံ့ပြန်သည်။ အနီးအနား ဝန်းကျင်ရှိ ကျေးရွာများအားလုံး ထိခိုက်ပျက်စီးခဲ့ရသည်။

စစ်ဘေးရှောင်ပြည်သူများသည် သံဖြူဇရပ်နှင့် မော်လမြိုင်မြို့ကြီးများသို့ တိမ်းရှောင်သွားကြပြီး တချို့မှာ ဝင်းခရ၊ ဖာယာ၊ ကြက်ခြံနှင့် ခလယ်စုံစသည့်ကျေးရွာများတွင် ခိုလှုံ နေရသည်။

ဩဂုတ်လ (၁၅) ရက်နေ့တွင် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေး တပ် ပူးပေါင်းတပ်ဖွဲ့တို့က အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ရှေ့တန်းဗျူဟာစခန်းဖြစ်သည့် အနန်းကွင်းစစ်စခန်းကို ဝန်းရံပိတ်ဆို့ထားသည်။

## စက်တင်ဘာလ ၂၀၂၄

တန်ပြန်သောအားဖြင့် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုများ၊ ဗုံးကြဲမှုများ၊ နေအိမ်များကို မီးရှို့ဖျက်ဆီးမှုများကို ပိုမိုလုပ်ဆောင်လာသည်။ အနီးအနားဝန်းကျင်တစ်ခုလုံး ထိခိုက်ပျက်စီးခဲ့ပြီး ဒေသခံပြည်သူများ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

လက်ရှိအချိန်အထိ ဒေသခံပြည်သူ (၅၀၀) ကျော် ထွက်ပြေးနေရသည်။

ထားဝယ်ခရိုင် လောင်းလုံမြို့နယ်ရှိ ပင်လယ်ကမ်းစပ်ကျေးရွာများကို စစ်ကောင်စီတပ်က ရက် (၂၀) ကျော် ကြာသည့်တိုင်အောင် စစ်ကြောင်းထိုးနေပြီး စစ်ဘေးရှောင်ပြည်သူများသည် အစားအစာနှင့် ဆေးဝါးအကူအညီများ လိုအပ်နေသည်။

နေအိမ်မှ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ပညစ်ကျေးရွာတွင် ခိုလှုံနေကြရသည်။

ဩဂုတ်လ (၁၇) ရက်နေ့တွင် မောင်းမကန်ရဲစခန်း တိုက်ခိုက်ခံရပြီးနောက်ပိုင်း စစ်ကြောင်းထိုးမှုကို စတင်ခဲ့ခြင်းဖြစ်သည်။ စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် တစ်ရွာမှတစ်ရွာ စစ်ကြောင်းထိုး ဝင်ရောက်နေပြီး မောင်းမကန်၊ ကျောက်ဆင်၊ သဘောဆိပ်၊ ပြင်ကြီးနှင့် ကရင်ကြီးကျေးရွာများကို ပစ်မှတ်ထား စစ်ကြောင်းထိုးနေသည်။

သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များအပါအဝင် စစ်ဘေးရှောင်ပြည်သူများမှာ စစ်ကောင်စီ၏ ဆက်လက်စစ်ကြောင်းထိုးနေမှုကြောင့် နေအိမ်မပြန်နိုင်သေးဘဲ ဆင်းရဲဒုက္ခရောက်နေရသည်။

**“သက်ကြီးရွယ်အိုတွေ ကလေးငယ်တွေလည်း စစ်ရှောင်နေရတယ်။ စစ်ကြောင်းဆက်ထိုးနေတော့ အိမ်ပြန်လို့ မရသေးဘူး”** ဟု စစ်ရှောင်ပြည်သူများကို ကူညီပေးနေသည့် အမျိုးသမီးတစ်ဦးက ပြောသည်။

ထွက်ပြေးတိမ်းရှောင်လာသည်မှာ ရက် (၂၀) ကျော် ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ဆန်၊ အစားအသောက်အခြောက်အခြမ်းများနှင့် ဆေးဝါးများ အထူးလိုအပ်နေသည်။ ဒေသခံလူမှုကယ်ဆယ်ရေးအသင်းများက စစ်ဘေးရှောင်ပြည်သူများ၏ လိုအပ်ချက်များအားလုံးကို မထောက်ပံ့ပေးနိုင်ချေ။

စက်တင်ဘာလ (၅) ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဝင်းပြန်ကျေးရွာ ဘုရားကုန်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်က အာလူးလေးကျေးရွာကို လက်နက်ကြီး (၈) လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ လက်နက်ကြီးများကို ရမ်းသမ်းပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ပစ်ခတ်ချိန်တွင် တိုက်ပွဲဖြစ်ပွားခြင်းလည်း မရှိချေ။

လက်နက်ကြီးကျည် (၁) လုံးသည် ကျေးရွာအတွင်းလမ်းမပေါ် ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် (၁၉) နှစ်အရွယ် နော်မြမိုးနွယ်သည် ညာဘက်လက်မောင်းနှင့် ကျောကုန်းတို့တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အသက် (၂၀) အရွယ် ဒေသခံလူငယ် ကိုအောင်ကိုဖြိုးသည် လက်နက်ကြီးကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီး ထားဝယ်စစ်ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရသည်။ ထိုမှတဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့သည်။ စက်တင်ဘာလ (၈) ရက်နေ့ညတွင် ဆေးကုသမှုခံယူနေစဉ် ရောဂါပြင်းထန်လာခြင်း ဖြစ်သည်။

**“လက်နက်ကြီးက ခေါင်းကို ထိသွားတယ်လို့ ကြားတယ်။ ဒဏ်ရာက အတော်ပြင်းတယ်”** ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

အခြားအမျိုးသား (၃) ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း အသက်အန္တရာယ် မစိုးရိမ်ရချေ။ ပကာရီရဲစခန်းက လက်နက်ကြီးပစ်ခတ်ခဲ့ခြင်း ဖြစ်ပြီး ၆၀-မမ လက်နက်ကြီး (၂) လုံးအနက် (၁) လုံးသည် ပကာရီကျေးရွာလမ်းဆုံအနီးရှိ ဖုန်းဆိုင်တစ်ဆိုင်ကို ထိခိုက်ပျက်စီးစေခဲ့သည်။ ကော်သူလေးတပ်မတော်က ၎င်းတို့ဒေသမှနေ၍ တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ပြီးနောက်ပိုင်း စစ်ကောင်စီက လက်နက်ကြီးဖြင့် ပြန်လည်တုံ့ပြန်ခဲ့ခြင်း ဖြစ်သည်။

တိုက်ပွဲအတွင်းနှင့် တိုက်ပွဲပြီးနောက်ပိုင်းတွင် အမှတ် (၁၀၄)

## စက်တင်ဘာလ ၂၀၂၄

ခြေမြန်တပ်ရင်းက လက်နက်ကြီးအလုံး (၃၀) ခန့် ပစ်ခတ်ခဲ့သည်။

စက်တင်ဘာ (၃) ရက်နေ့မတိုင်ခင် ရက်များတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပြင်ကြီးကျေးရွာရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးကာ အဖိုးတန်ပစ္စည်းများနှင့် ဆိုင်ကယ်များကို လုယက်ခဲ့သည်။ လုယက်ထားသည့်ပစ္စည်းများကို အမှတ် (၁၀၄) ခြေမြန်တပ်ရင်းသို့ ယူဆောင်သွားခဲ့သည်။

ထို့နောက် စစ်ကြောင်းက သဘော့ဆိပ်ကျေးရွာသို့ ဆက်လက်ချီတက်သွားခဲ့သည်။ မျှော်ရစ်အနောက်ဘက်ကမ်းရှိ ဒေသခံပြည်သူများမှာ တိုက်ပွဲပြင်းထန်လာခြင်းကြောင့် ဩဂုတ်လ (၃၀) ရက်နေ့တွင် လှေငယ်လေးများဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဆိုင်ကယ်များ၊ ဆန်၊ ဆီကဲ့သို့သော စားနပ်ရိက္ခာများနှင့် ငါးဖမ်းရန်အတွက် သိုလှောင်ထားသည့် စက်သုံးဆီပုံးများကို လုယက်သိမ်းယူသွားသည်။

ဩဂုတ်လ (၂၈) ရက်နေ့မှစ၍ ကျောက်ဆင်၊ သဘော့ဆိပ်၊ ပြင်ကြီးနှင့် ကရင်ကြီးကျေးရွာများကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ စစ်ကြောင်းဆက်လက်ထိုးနေသဖြင့် ကျောက်ဆင်ကျေးရွာအုပ်စုရှိ ကျေးရွာ (၅) ရွာမှ ဒေသခံပြည်သူအားလုံးသည် စက်တင်ဘာလ (၈) ရက်နေ့တွင် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

သက်ကြီးပိုင်းအမျိုးသမီး (၁) ဦးအပါအဝင် ဒေသခံပြည်သူ (၂) ဦးသည် ကျိုက်ထိုမြို့နယ် ခရွဲကျေးရွာကို ပစ်ခတ်လိုက်သည့် လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ကျိုက်ထိုမြို့နယ် သိမ်ဇရပ်နှင့် ပဲခူးတိုင်း ဝေါမြို့နယ် လက်ပံကျေးရွာအခြေစိုက် အမြောက်တပ်ရင်းများက ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာလ (၁၃) ရက်နေ့ နေ့လည်အချိန်တွင် အသက် (၆၆) နှစ်အရွယ် ဒေါ်ဝင်းအေးသည် နေအိမ်တွင် အဝတ်လှန်းနေစဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အသက် (၁၈) နှစ်အရွယ် မောင်ဟိန်းထက်အောင်သည်လည်း ရွာလမ်းမတလျှောက် လမ်းလျှောက်နေစဉ် ထိခိုက်ခဲ့သည်။

လက်နက်ကြီးကျည်သည် ခရွဲကျေးရွာတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ ဒေါ်ဝင်းအေးသည် ညာဘက်ခြေထောက်တွင် ကျည်စထိမှန်ဒဏ်ရာရခဲ့ပြီး မောင်ဟိန်းထက်အောင်သည် နားရွက်စုတ်ပြတ်ဒဏ်ရာ ရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရသူ (၂) ဦးစလုံးကို သိမ်ဇရပ်ဆေးရုံသို့ ပို့ဆောင်ထားသည်။

ပြီးခဲ့သည့်ဩဂုတ်လ (၁၀) ရက်နေ့တွင် သိမ်ဇရပ်အနီး အခိုင်ကျေးရွာမှ လူငယ်တစ်ဦးသည်လည်း လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည်။ ငါးမျှားနေစဉ် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရခဲ့ခြင်း ဖြစ်သည်။

အချိန်မီဆေးကုသခွင့်မရသဖြင့် ရွာသား (၃) ဦးသည် အသက်သေဆုံးခဲ့ရသည်။ စက်တင်ဘာလ (၁၁) ရက်နေ့တွင် တနင်္သာရီဒေသမှ စစ်ကောင်စီတပ်သားများက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများ ဖြစ်သည်။

ကျွဲထိန်းကုန်းကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး တိုက်ပွဲအတွင်းတွင် ဗောဓိကမ်းတံတား၌ တပ်စွဲထားသည့် စစ်ကောင်စီတပ်က ၁၂၀-မမ လက်နက်ကြီးဖြင့် အနည်းဆုံး (၂) ကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ကျွဲထိန်းကုန်းကျေးရွာမှ အသက် (၄၀) အရွယ် ဒေါ်စန်းသွယ်၊ အသက် (၆၀) အရွယ် ဒေါ်စန်းသီ၊ အသက် (၁၅) နှစ်အရွယ် မဖြူဇာအေးနှင့် အသက် (၁၈) နှစ်အရွယ် ကိုနေနိုင်သူ (ခ) ဒီးတုတ်တို့ ထိခိုက်သေဆုံးရခဲ့သည်။ ဒေါ်စန်းသွယ်သည် အခင်းဖြစ်ရာတွင်ပင် သေဆုံးခဲ့ပြီး ဒေါ်စန်းသီနှင့် မဖြူဇာအေးတို့သည် ညောင်ပင်ကွင်းကျေးရွာ ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခုလတ်တွင် သေဆုံးခဲ့သည်။

ကိုနေနိုင်သူသည် ပေါင်အောက်ပိုင်းတွင် လက်နက်ကြီးကျည်စ ထိမှန်ခဲ့ပြီး ခြေထောက်ရိုး ကျိုးသွားခဲ့သည်။

၎င်းကို ထိုင်းနိုင်ငံဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခုလတ်တွင် ပင် သေဆုံးသွားခဲ့သည်။

**"တိုက်ပွဲဖြစ်နေတော့ မြိတ်ဆေးရုံကို သွားဖို့ လမ်းအခက်အခဲ ဖြစ်နေတာ။ (၃) ယောက်စလုံးက အချိန်မီဆေးမကုနိုင်လို့ ဆုံးသွားတာ"** ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

တိုက်ပွဲများကြောင့် အဆိုပါဒေသတွင် စစ်ရေးတင်းမာနေပြီး စစ်ကောင်စီတပ်က လက်နက်ကြီးပစ်ခတ်ခြင်းနှင့် ဒရုန်း ဖြင့်ဗုံးကြဲခြင်းများ လုပ်ဆောင်နေခြင်းကြောင့် ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်ရသည်များ ရှိလာသည်။

စက်တင်ဘာလ (၄) ရက်နေ့တွင် တကူး၊ တရာဘွင်၊ ဘန်လော၊ (၆) မိုင်၊ ဇဝဲနှင့် ကျွဲထိန်းကုန်းကျေးရွာများ တွင် စစ်အင်အား (၂၀၀) ကျော်ဖြင့် စစ်ကြောင်းထိုးကာ အကြမ်းဖက်နေသဖြင့် ထိခိုက်သေဆုံးမှုများ များပြားလာ သည်။

စက်တင်ဘာလ (၁၃) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ခရွဲကျေးရွာကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့ရာ ရွာသား (၂) ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း ၁၂၀-မမ လက်နက်ကြီးအနည်းဆုံး (၆) လုံး ပစ်ခတ်ခဲ့သည်။

လက်နက်ကြီးကျည်တစ်လုံးသည် ခရွဲကျေးရွာ ဘုရား ကုန်းဘုန်းတော်ကြီးကျောင်းနှင့် မြောက်ကျောင်းဘုန်း တော်ကြီးကျောင်းအကြား ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် (၆၆) နှစ်ရွယ် ဒေါ်ဝင်းအေးနှင့် အသက် (၁၈) နှစ်အရွယ် မောင်ဟိန်းထက်အောင်တို့ ထိခိုက်ဒဏ်ရာရရှိ ခဲ့သည်။

**"အမျိုးသမီးက ညာခြေသလုံး ဖောက်ဝင်ဒဏ်ရာနဲ့ လူငယ် လေးက ညာဘက်နားရွက် စုတ်ပြတ်ဒဏ်ရာတွေ ရခဲ့တယ်။ အရင်တုန်းကလည်း အဲလိုပဲထင်တိုင်းပစ်နေလို့ ဒေသခံ (၅) ယောက်ထက်မနည်း ဒဏ်ရာရပြီးပြီ"** ဟု ခရွဲကျေးရွာဒေသခံ တစ်ဦးက ပြောသည်။

ထိခိုက်ဒဏ်ရာရရှိသူများကို လွတ်မြောက်နယ်မြေတစ်ခုတွင် ဆေးကုသမှုပေးနေပြီး အသက်အန္တရာယ်မစိုးရိမ်ရကြောင်း သိရသည်။ သို့သော် ရွာသားများအနေဖြင့်မူ နောက်ထပ် လက်နက်ကြီးများ ထပ်မံကျရောက်ပေါက်ကွဲလာမည်ကို ဆက်တိုက်စိုးရိမ်နေရသည်။

**"အကြောင်းမရှိလည်း လက်နက်ကြီးနဲ့ ပစ်နေတော့ ရွာကလူ တွေလည်း ဘယ်အချိန်လက်နက်ကြီးကျမလဲ ဒါပဲ စိုးရိမ်နေရ တယ်"** ဟု အခြားခရွဲဒေသခံတစ်ဦးက ထပ်ပြောသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အချက်အလက်များ အရ ၂၀၂၄ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း မွန်ပြည်နယ် တွင် လက်နက်ကြီးကြောင့် သေဆုံးသူ (၄၃) ဦးနှင့် ထိခိုက် ဒဏ်ရာရရှိသူ (၉၄) ဦး ရှိကြောင်း သိရသည်။ မွန်ပြည်နယ် တွင် မြို့နယ် (၁၀) မြို့နယ်ရှိသည့်အနက် ကျိုက်ထိုမြို့နယ် ရှိ ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်ဒေသတွင် ထိခိုက် သေဆုံးမှု အများဆုံးဖြစ်ပွားခဲ့ပြီး ရေးမြို့နယ်တွင် ဒုတိယ အများဆုံး ဖြစ်ပွားခဲ့သည်။

## မတရားဖမ်းဆီးမှုများ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်း ဒေသအတွင်း စစ်ကောင်စီက မတရားဖမ်းဆီးမှုများ နှင့် ထိန်းသိမ်းမှုများကို ဥပဒေမဲ့လုပ်ဆောင်နေသည်။ မွန်ပြည်နယ် ပေါင်မြို့နယ် သဖြူချောင်းကျေးရွာမှ ဒေသခံ လူငယ် (၄) ဦးကို ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များဟု စွပ်စွဲကာ စစ်ကောင်စီတပ်က ပစ်ခတ်ဖမ်းဆီးခဲ့သည်။

စစ်သားနှင့် ရဲတပ်ဖွဲ့ဝင် အင်အား (၂၀) ကျော် က ပေါင်မြို့နယ် သဖြူချောင်းကျေးရွာ ဈေးတန်း တွင် အုပ်စုဖွဲ့အရက်သောက်နေသည့် လူငယ်များကို ည (၈) နာရီအချိန်ခန့်တွင် ဝင်ရောက်ပစ်ခတ် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

**"ဒီကလေးတွေက သူတို့ပြောသလို PDF တွေလည်း မဟုတ် ပါဘူး။ ရွာခံတွေချည်းပါပဲ။ ဒါကို PDF ဆိုပြီး သပ်သပ်အမှု**

## စက်တင်ဘာလ ၂၀၂၄

**ဆင်လိုက်တာ။ မိဘတွေကတော့ ရွာလူကြီးနဲ့ပြောပြီး ပြန်ထုတ်ဖို့ လုပ်နေတယ်။ အခုထိတော့ ညှိလို့ မရသေးဘူး"** ဟု သပြုချောင်းရွာသားတစ်ဦးက ပြောသည်။

ဖမ်းဆီးထားသောလူငယ်များကို ပေါင်မြို့မရဲစခန်းတွင် ထိန်းသိမ်းထားပြီး ဒဏ်ရာရရှိထားသူ လူငယ်ကိုမူ ပေါင်မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုပေးလျက်ရှိကြောင်း သိရသည်။ သပြုချောင်းကျေးရွာသည် မော်လမြိုင်-ရန်ကုန်ကားလမ်းမပေါ်တွင် တည်ရှိပြီး မွန်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ကြီးစိုးသည့် ကျေးရွာ ဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ထုတ်ပြန်ချက်အရ ၂၀၂၄ စက်တင်ဘာလ (၃) ရက်နေ့အထိ ဖမ်းဆီးခံထားရသူ (၂၇,၃၀၀) ကျော် ရှိပြီး ၎င်းတို့အနက် (၂၁,၀၀၀) နီးပါးသည် ဆက်လက်ထိန်းသိမ်းခံထားရကြောင်း သိရသည်။

ဩဂုတ်လ (၃၁) ရက်နေ့တွင် သဲကျောက်ထုတ်လုပ်ရေးလုပ်သား (၉) ဦးသည် မြိတ်ခရိုင် တနင်္သာရီမြို့နယ် ကော့မပြင်းကျေးရွာကို ဖြတ်သန်းသွားလာစဉ် စစ်ကောင်စီတပ်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

နေ့ခင်း (၂) နာရီ မိနစ် (၃၀) တွင် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ပြီး ကော့မပြင်းလှေဆိပ်တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်က ကျောက်ခဲတင်ဆောင်လာသည့် ၎င်းတို့၏လှေ (၃) စင်းကို ရပ်တန့်စစ်ဆေးခဲ့သည်။ အလုပ်သမား (၉) ဦးကို စစ်ဆေးပြီးနောက် ၎င်းတို့ကို အောက်ကင်းကျေးရွာရှိ အမှတ် (၅၇၇) ခြေမြန်တပ်ရင်းသို့ ပို့ဆောင်လိုက်သည်။

**"လှေတွေက မြိတ်ကနေလာတာ။ ဒီက အခြေအနေနဲ့ မရင်းနှီးတော့ အဖမ်းခံလိုက်ရတယ်"** ဟု ခါမပြင်ရွာခံတစ်ဦးက ပြောသည်။ ဖမ်းဆီးခံရသူများအနက် (၆) ဦးသည် မြိတ်မှ ဖြစ်ပြီး (၃) ဦးသည် အနောက်သာရဖုံကျေးရွာမှ ဖြစ်သည်။ အသက် (၂၀) မှ (၃၀) ကြားရှိ လူငယ်များ ဖြစ်သည်။

စက်တင်ဘာလ (၁) ရက်နေ့တွင် လှေပိုင်ရှင်က အမှတ် (၅၇၇) တပ်ရင်းသို့ သွားရောက်ပြီး အလုပ်သမားများကို လွှတ်ပေးရန် ညှိနှိုင်းပြောဆိုခဲ့သည်။ သို့သော် စစ်တပ်က ၎င်းတို့ကို လွှတ်ပေးရန် ငြင်းဆန်ခဲ့သည်။ စက်တင်ဘာလ (၅) ရက်နေ့အထိ ဖမ်းဆီးထားသူများ၏ အခြေအနေနှင့် ပတ်သက်ပြီး နောက်ထပ်သတင်းတစ်စုံတရာ မကြားသိရတော့ချေ။

ဖြတ်သန်းသွားလာသည့်လှေများကို တနင်္သာရီတံတားတွင် ပုံမှန်စစ်ဆေးလေ့ရှိပြီး စစ်တပ်က အင်အားဖြည့်တင်းလာပြီးနောက်ပိုင်း စစ်ဆေးမှုများ ပိုမိုတင်းကြပ်လာသည်။ ယခုဖမ်းဆီးမှုကြောင့် ဒေသခံများအကြားတွင် စိုးရိမ်မှုများ မြင့်တက်လာပြီး ဖမ်းဆီးခံရသူအလုပ်သမားများ၏ အခြေအနေကိုလည်း သိရှိလိုကြသည်။

ဩဂုတ် (၃၀) ရက်နေ့နှင့် စက်တင်ဘာ (၂) ရက်နေ့အကြားတွင် စစ်ကောင်စီတပ်က ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာအုပ်စု ဘူချိုင်းကျေးရွာကို ဝင်ရောက်စီးနင်းစဉ် ဒေသခံအမျိုးသား (၄) ဦးကို ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။

၎င်းတို့အနက် ဩဂုတ်လ (၃၁) ရက်နေ့တွင် အသက် (၅၂) အရွယ် ဦးကျော်သန်းကိုလည်းကောင်း၊ စက်တင်ဘာလ (၁) ရက်နေ့တွင် အသက် (၅၃) နှစ်အရွယ် ဦးဖိုးအေးကိုလည်းကောင်း၊ စက်တင်ဘာလ (၂) ရက်နေ့တွင် အသက် (၅၀) အရွယ် ဦးဘရွှေကိုလည်းကောင်း သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

**"ဦးကျော်သန်းကို ရွာလမ်းမဘေးမှာ ပစ်သတ်ခဲ့တာ။ ဦးဖိုးအေးကို ရာဘာခြံမှာ ပစ်သတ်ခဲ့တယ်။ ဦးဘရွှေကိုတော့ ထားဝယ်စိုက်ပျိုးရေးသိပ္ပံကျောင်းနားမှာ ပစ်သတ်ခဲ့တယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဒေသခံများ၏ပြောပြချက်အရ အမျိုးသား (၃) ဦးသည် တောင်ယာလုပ်ကိုင်နေသူများ ဖြစ်ပြီး တော်လှန်ရေးအင်အားစုများနှင့် ပတ်သက်ဆက်နွယ်မှု မရှိကြောင်း သိရသည်။

ငှင်းပြင် ဩဂုတ်လ (၃၁) ရက်နေ့တွင် စွန်တောင်ပေါ်နှင့် ဖွားဘုတ်ပြင်ရွာကြား မော်တုံးချောင်းအတွင်း ဒဏ်ရာများဖြင့် သေဆုံးနေသည့် အသက် (၃၀) အရွယ် လူငယ်တစ်ဦး၏ ရုပ်အလောင်းကို ဒေသခံများက တွေ့ရှိခဲ့သည်။

**“အလောင်းမှာ နှိပ်စက်ခံထားရတဲ့ဒဏ်ရာတွေ ရှိတယ်။ ယနေ့ (စက်တင်ဘာလ (၈) ရက်နေ့အထိ) ဘယ်သူဘယ်ဝါဆိုတာ အတည်မပြုနိုင်သေးဘူး”** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

အဆိုပါစစ်ကြောင်းသည် ဘူချိုင်းနှင့် ဖွားဘုတ်ပြင် ကျေးရွာများမှ နေအိမ် (၁၀) လုံးကိုလည်း မီးရှို့ခဲ့ပြီး စက်တင်ဘာလ (၄) ရက်နေ့အထိ ခမောင်းတောင်၊ ထိန်တွင်းနှင့် စခန်းကြီးကကျေးရွာအုပ်စုရှိ ကျေးရွာများကို စစ်ကြောင်းထိုးနေသည်။

**“စစ်ကြောင်းက ရွာကနေထွက်သွားပေမဲ့ ဒေသခံတွေက ရွာထဲကို မဝင်ရဲသေးဘူး။ ဖမ်းဆီးသတ်ဖြတ်နေတာ ရှိတော့ ကြောက်ပြီး မဝင်ရဲသေးတာ”** ဟု ဘူချိုင်းရွာသား တစ်ဦးက ပြောသည်။

၂၀၂၄ ဩဂုတ်လ တတိယအပတ်မှစ၍ စစ်ကောင်စီ၏ စစ်ကြောင်း (၂) ခုက လောင်းလုံးမြို့နယ် မောင်းမကန်၊ သဘောဆိပ်၊ ပြင်ကြီး၊ ဖွားဘုတ်ပြင်၊ ဘူချိုင်းနှင့် ကျောက်ဆင်ကျေးရွာများကို ဝင်ရောက်စီးနင်းနေသဖြင့် ဒေသခံပြည်သူ (၅,၀၀၀) ကျော်သည် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။ စစ်ကြောင်းထိုးစဉ်အတွင်း ပြင်ကြီးကျေးရွာမှ နေအိမ် (၂) လုံးနှင့် သဘောဆိပ်ကျေးရွာမှ နေအိမ် (၁) လုံးတို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။

မွန်ပြည်နယ် ရေးမြို့နယ်မှ အမျိုးသမီး (၂) ဦးအပါအဝင် ဒေသခံပြည်သူ (၆) ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ငွေကြေးထောက်ပံ့သည်ဟုဆိုကာ စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။

၂၀၂၄ စက်တင်ဘာလ (၁၀) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက်မှ အသက် (၄၅) နှစ်အရွယ် ဦးအောင်မောင်း၊ အသက် (၁၉) နှစ်အရွယ် ကိုဘိုဘိုနှင့် အသက် (၂၀) အရွယ် ကိုအေးမင်းလတ်တို့ကို စစ်ကောင်စီက နေအိမ်တွင် လာရောက်ဖမ်းဆီးခဲ့သည်။

**“PDF တွေကို ငွေကြေးထောက်ပံ့တယ်၊ သတင်းပေးတယ်ဆိုပြီး ဖမ်းသွားတာ။ အမျိုးသား (၄) ယောက်နဲ့ အမျိုးသမီး (၂) ယောက်ကို ဖမ်းသွားတယ်”** ဟု မြို့ခံတစ်ဦးက ပြောသည်။

စက်တင်ဘာလ (၁၁) ရက်နေ့တွင်လည်း ရန်မျိုးအောင်ရပ်ကွက်တွင် မုန့်ဆိုင်ဖွင့်လှစ်ထားသည့် ချောင်းတောင်ကျေးရွာနေ အသက် (၂၃) နှစ်အရွယ် မခိုင်သဇင်ဦးနှင့် အသက် (၂၁) နှစ်အရွယ် မမီမီတို့ကို ဝင်ရောက်ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးထားသူများကို ရေးမြို့နယ်အခြေစိုက် အမှတ် (၁၉) တပ်ရင်းတွင် စစ်ဆေးမေးမြန်းနေပြီး မိသားစုဝင်များနှင့် တွေ့ခွင့်မပေးချေ။

ရေးမြို့နယ်တွင် ၂၀၂၃ ခုနှစ်ကတည်းက စစ်အုပ်ချုပ်ရေး ကြေညာထားပြီး စစ်ကောင်စီတပ်က ညမထွက်ရအမိန့်များ ထုတ်ပြန်ခြင်းနှင့် လမ်းများကိုပိတ်ဆို့စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။ ပြီးခဲ့သည့်ဩဂုတ်လမှစ၍ စစ်မှုမထမ်းမနေရဥပဒေ ပြဋ္ဌာန်းခြင်းနှင့်အတူ မတရားဖမ်းဆီးမှုများ အထူးသဖြင့် ရွှေ့ပြောင်းလုပ်သားများကို ဖမ်းဆီးမှုများ သိသိသာသာမြင့်တက်လာသည်။

ပရဟိတအဖွဲ့ဝင်များနှင့် လူမှုကယ်ဆယ်ရေးအသင်းများကိုလည်း ပစ်မှတ်ထားဖမ်းဆီးလာသည်။ ၂၀၂၄ စက်တင်ဘာလ (၁၈) ရက်နေ့တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့ အောင်မင်္ဂလာရပ်ကွက်ရှိ **“ပိုင်ရှင်မဲ့ လူမှုကူညီရေးသင်း”** ကို အင်အား (၂၀) ကျော်ပါသည့် စစ်ကောင်စီ ပူးပေါင်းတပ်ဖွဲ့က ဝင်ရောက်စီးနင်းပြီး ဥက္ကဋ္ဌဖြစ်သူနှင့် အဖွဲ့ဝင် (၄) ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။ ဖမ်းဆီးခံရသူများမှာ အသင်းဥက္ကဋ္ဌဦးရဲမင်းထိုက်၊ ကိုရဲနိုင်ဦး၊ ကိုဇော်ဝမ်းနှင့် အခြားအဖွဲ့ဝင် (၂) ဦးတို့ဖြစ်ကြောင်း ဒေသခံသတင်းရင်းမြစ်များက ပြောသည်။

**“ရုံးကို ဝင်စီးပြီးတော့ ဖမ်းသွားတာ။ ဘာကြောင့်ဖမ်းလဲဆိုတာ အတိအကျမသိဘူး”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဖမ်းဆီးထားသူ (၅) ဦးကို သံဖြူဇရပ်မြို့နယ် ဝဲကလိအခြေစိုက် အမှတ် (၄) စစ်ကြောရေးစခန်းတွင် စစ်ဆေးနေပြီး မိသားစုဝင်များနှင့် တွေ့ခွင့်မပေးချေ။ အဆိုပါလူမှုကူညီရေးအသင်းသည် ၂၀၁၈ ခုနှစ်တွင် မွန်ပြည်နယ်အစိုးရလက်အောက်တွင် တရားဝင်မှတ်ပုံတင်ထားသည့်အသင်းဖြစ်ပြီး အရေးပေါ်လူနာ ကယ်ဆယ်ပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်နေခြင်း ဖြစ်သည်။

ယခုဖမ်းဆီးမှုနှင့် အလားသဏ္ဍာန်တူသည့် ဖမ်းဆီးမှုလည်း ဖြစ်ပွားခဲ့ပြီး ၂၀၂၄ မေလ (၂၉) ရက်နေ့တွင် လမိုင်းလူငယ်ပရဟိတအဖွဲ့မှ ဥက္ကဋ္ဌအပါအဝင် (၅) ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့သည်။ တစ်ပတ်ကြာ ထိန်းသိမ်းစစ်ဆေးပြီးနောက် ပြန်လည်လွှတ်ပေးခဲ့သည်။

နောက်ရက်အနည်းငယ်အကြာတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ ပရဟိတအဖွဲ့ဝင် (၃) ဦးကို ထပ်မံဖမ်းဆီးခဲ့သဖြင့် ဖမ်းဆီးခံရသူပရဟိတအဖွဲ့ဝင် (၈) ဦးအထိ ရှိလာသည်။ စက်တင်ဘာလ (၂၀) ရက်နေ့ ညတွင် စစ်ကောင်စီတပ်က နေအိမ်အထိ လာရောက်ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

စစ်ကောင်စီက ပရဟိတအသင်းများကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ကူညီထောက်ပံ့သည်၊ လက်နက်များ သယ်ယူပို့ဆောင်ပေးသည်ဟု စွပ်စွဲထားသည်။

ဖမ်းဆီးထားသူများကို ဝဲကလိအခြေစိုက် အမှတ် (၄) စစ်ကြောရေးစခန်းမှာ စစ်ဆေးမေးမြန်းနေသည်။ စစ်တပ်က အဆက်အသွယ်ဖြတ်တောက်ထားခြင်းကြောင့် မိသားစုဝင်များက ၎င်းတို့၏လုံခြုံရေးအတွက် စိတ်ပူပန်နေရသည်။

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှု

စစ်ကောင်စီက အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုလုပ်ရပ်များကို ဆယ်စုနှစ်များစွာကလည်းကပင် ကျူးလွန်လာခဲ့သည်။ ၂၀၀၈ အခြေခံဥပဒေ၏ အကာအကွယ်ပေးမှုအောက်တွင် ပဋိပက္ခနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကိစ္စများကို စုံစမ်းအပြစ်ပေးခြင်း မရှိသဖြင့် ထိခိုက်နစ်နာသူများသည် ကိုယ်စိတ်ဒဏ်ရာ ရရှိခဲ့ကြရသည်။ စစ်တပ်ကမူ တာဝန်ယူတာဝန်ခံမှု ကင်းမဲ့နေဆဲ ဖြစ်သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် “the Voice Up” စာစောင်ကို (၃) လ တစ်ကြိမ် ထုတ်ဝေနေပြီး မွန်၊ ကရင်နှင့် တနင်္သာရီဒေသရှိ အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် ကျူးလွန်မှုများကို မှတ်တမ်းတင် ခွဲခြမ်းစိတ်ဖြာသုံးသပ်လျက်ရှိသည်။

စက်တင်ဘာလ (၁၀) ရက်နေ့တွင် တတိယအကြိမ်မြောက်စာစောင်ကို ထုတ်ဝေခဲ့သည်။ မအောင်မြင်သည့် အာဏာသိမ်းမှုနောက်ပိုင်း အမျိုးသမီး (၁၇၇) ဦး သတ်ဖြတ်ခံခဲ့ရပြီး (၃၇၀) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ (၁,၄၄၀) ကျော်မှာ မတရားဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသည်။

စစ်ကောင်စီ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကိုခံရပြီးနောက် အမျိုးသမီးအနည်းဆုံး (၅) ဦး ပျောက်ဆုံးနေသည်။ အစီရင်ခံစာပါ သတ်မှတ်ကာလအတွင်း အမျိုးသမီးအနည်းဆုံး (၉) ဦး သတ်ဖြတ်ခံခဲ့ရပြီး (၂၆) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မတရားဖမ်းဆီးခံရသူ (၁၃) ဦး ရှိသည်။ ၎င်းပြင် ကလေးသူငယ် (၆) ဦးလည်း သတ်ဖြတ်ခံခဲ့ရပြီး စစ်ကောင်စီ၏တိုက်ခိုက်မှုကြောင့် ကလေးသူငယ် (၃၃) ဦး ထိခိုက်ခဲ့သည်။

တနင်္သာရီတိုင်း မြိတ်မြို့နယ် လဲတောင်ယာကျေးရွာမှ အသက် (၅၃) နှစ်အရွယ် အမျိုးသမီးဖြစ်သူ ဒေါ်ပိန်သည် မြိတ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူရင်း စက်တင်ဘာလ (၄) ရက်နေ့ ညနေတွင် ကွယ်လွန်သွားခဲ့သည်။ တနင်္သာရီမြို့နယ်တွင်တပ်စွဲထားသည့် စစ်ကောင်စီတပ်၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့ရာမှ သေဆုံးသွားရခြင်း ဖြစ်သည်။

စက်တင်ဘာလ (၃) ရက်နေ့ ညနေပိုင်းတွင် ဒေါ်ပိန်သည် ၎င်း၏လယ်တဲတွင် ရှိနေစဉ် လက်နက်ကြီးထိမှန်

ခဲ့ခြင်း ဖြစ်သည်။ ဝမ်းဗိုက်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီး သွေးအမြောက်အမြားထွက်ခဲ့ကြောင်း မျက်မြင်များက ပြောသည်။

**"ဝမ်းဗိုက်ဒဏ်ရာက အတော်ပြင်းတယ်။ သွေးတွေ အများကြီး ဆုံးရှုံးသွားတယ်"** ဟု လဲတောင်ယာကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

စက်တင်ဘာလ (၅) ရက်နေ့ မနက်တွင် ၎င်း၏ရုပ်အလောင်းကို နေအိမ်သို့ပြန်လည်ယူဆောင်လာပြီး အသုဘအခမ်းအနား ပြုလုပ်နိုင်ရန် စီစဉ်ခဲ့သည်။ စက်တင်ဘာလ (၃) ရက်နေ့တွင်လည်း ဘုတ်ပြင်းတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး အသက် (၁၇) နှစ်အရွယ် မောင်မြတ်ဟိန်းသူသည် သေဆုံးခဲ့ရသည်။

အခြားအမျိုးသမီးတစ်ဦးသည်လည်း ဩဂုတ်လတွင် စစ်ကောင်စီတပ်က ဖမ်းဆီးသွားပြီး နောက်ပိုင်း သတင်းအစအနပျောက်ဆုံးနေသည်။ ရေဖြူမြို့နယ် ရာဖူးကျေးရွာအုပ်စု ရာဖူးရွာသစ်ကျေးရွာမှ အသက် (၂၃) နှစ်အရွယ် မကရင်မကို ဩဂုတ်လ (၁၀) ရက်နေ့တွင် ချောင်းတောင်စစ်ဆေးရေးဂိတ်တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်သားများက ဖမ်းဆီးခေါ်ဆောင်သွားသည်။

မွန်ပြည်နယ် ရေးမြို့ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသည့် အစ်မဖြစ်သူကို သွားရောက်ကြည့်ရှုပြီး ပြန်လာစဉ် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

**"အဲနေ့(ဩဂုတ်လ (၁၀) ရက်နေ့)က ညနေ (၆) နာရီအထိ အိမ်ပြန်မရောက်တော့ စိတ်ပူလို့ ဖုန်းဆက်တာ။ သူတို့(စစ်သားတွေ)က ဖုန်းကိုင်ပြီး "လူကို ဖမ်းထားတယ်၊ စစ်ဆေးပြီးရင် ပြန်လွှတ်မယ် ပြောတယ်"** ဟု ၎င်း၏အမျိုးသားဖြစ်သူက ပြောသည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ပတ်သက်ဆက်နွယ်နေသည် ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ပြီး ဖမ်းဆီးခံရပြီးနောက်ပိုင်း သတင်းအစအနပျောက်ဆုံးနေကြောင်း ၎င်း၏အမျိုးသားဖြစ်သူက ဆက်ပြောသည်။

အမျိုးသားများ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများသည် လမ်းပေါ်တွင် သွားလာနေစဉ် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ တစ်ရက်နီးပါးလုံး တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်မှုထမ်းအသက်အရွယ်တွင် အကျုံးဝင်သူ ရွာသား (၃၀) ကို ဆက်လက်ဖမ်းဆီးထားပြီး အသက် (၅၀) ကျော် ရွာသား (၁၄) ဦးကို စက်တင်ဘာလ (၅) ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့သည်။

**"စစ်ကြောင်းက အိမ်တွေကို စီးနင်းပြီး လူတွေကို အပြင်ဆွဲထုတ်တာ။ နောက်စစ်ကြောင်းတစ်ခုကလည်း ရှေ့မှာပစ်နေတာ"** ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်သည် ကျောက်ကာနှင့် ပလချောင်းဝကျေးရွာများမှ စက်လှေ (၃) စီးကိုလည်း တိုက်ပွဲတွင် အသုံးပြုရန်အတွက် သိမ်းယူခဲ့သည်။ ဩဂုတ်လအတွင်း တနင်္သာရီတိုင်းရှိ မြို့နယ် (၇) မြို့နယ်မှ ဒေသခံပြည်သူ (၃၀၀) ကျော် ဖမ်းဆီးခံခဲ့ရပြီး (၂၀) ကျော်မှာ စစ်သားအဖြစ် အတင်းအဓမ္မစုဆောင်းခြင်းခံခဲ့ရသည်။ စစ်သားအဖြစ် မတရားစုဆောင်းခံရသူများ၏ အချက်အလက်များကိုမူ စုံစမ်းစိစစ်နေဆဲ ဖြစ်သည်။

စက်တင်ဘာလ (၁) ရက်နေ့မှစ၍ ပလမြို့တွင် စစ်ကောင်စီက ရေကြောင်းမှတဆင့် ပိုမိုစစ်ကြောင်းထိုးနေပြီး စက်တင်ဘာလ (၈) ရက်နေ့အထိ လူနေအိမ်နှင့် စာသင်ကျောင်းများတွင် တပ်စွဲထားသည်။ အမျိုးသားများကိုလည်း ဖမ်းဆီးနေခြင်းကြောင့် ထောင်နှင့်ချီသော ဒေသခံပြည်သူများသည် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။

ဒေါ်ချစ်ချစ်ထူးသည် လိင်အခြေပြုအကြမ်းဖက်မှုသားကောင်များအနက် တစ်ဦးအပါအဝင် ဖြစ်သည်။ ၂၀၂၄ စက်တင်ဘာလ (၈) ရက်နေ့တွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုကွဲကျေးရွာမှ မူလတန်းဆရာမဖြစ်သူ ဒေါ်ချစ်ချစ်ထူး ခေါ် ထူးထူးကို ၎င်း၏ချစ်သူဖြစ်သူ စစ်ကောင်စီတပ်သား အောင်သူဟိန်းက မုဒိမ်းကျင့်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

## စက်တင်ဘာလ ၂၀၂၄

အသက် (၂၆) နှစ်အရွယ် ကျောင်းဆရာမသည် စက်တင်ဘာလ (၁) ရက်နေ့တွင် ချစ်သူဖြစ်သူက အငှား ယာဉ်တစ်စီးကို စေလွှတ်၍ ခေါ်ဆောင်သဖြင့် လိုက်ပါ သွားပြီးနောက် ပျောက်ဆုံးသွားကြောင်း မိသားစုဝင်များ က ပြောသည်။

၎င်းကို စက်တင်ဘာလ (၈) ရက်နေ့တွင် မုကွဲကျေးရွာ ခေတ်ပေါင်းစုမဟာစေတီနှင့် ပေ (၅၀) ခန့်အကွာ ထင်းတောထဲတွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံး နေသည်ကို တွေ့ရှိခဲ့သည်။

စက်တင်ဘာလ (၁၄) ရက်နေ့ ညတွင် ဘီးလင်းမြို့နယ် သံတံတားစစ်ဆေးရေးဂိတ်မှ စစ်ကောင်စီတပ်က ဖိုးဝါး သိမ်ကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ ဒေသခံ အမျိုးသမီးတစ်ဦးသည် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

**"ဘာတိုက်ပွဲမှမရှိဘဲ လက်နက်ကြီးပစ်တာ။ ကောင်မလေးတစ်ယောက် ထိတယ်။ လည်ပင်းမှာ ကျည် စဖောက်ဝင်သွားတယ်လို့ သတင်းရထားတယ်"** ဟု သထုံ ခရိုင်ကရင်အမျိုးသား အစည်းအရုံး၏ အတွင်းရေးမှူး ပဒို စောအေးနိုင်က ပြောသည်။

အသက် (၁၇) နှစ်အရွယ် နော်ယမင်းသည် နေအိမ် တွင် အိပ်ပျော်နေစဉ် လက်နက်ကြီးထိမှန်ခဲ့ခြင်းဖြစ်ပြီး လက်နက်ကြီးကျည်စက ၎င်း၏လည်ပင်းကို ဖောက်ဝင် သွားခဲ့သည်။

ဖိုးဝါးသိမ်ကျေးရွာသည် သထုံခရိုင်ကရင်အမျိုးသား အစည်းအရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် တည်ရှိပြီး ကရင် လူမျိုးများ အများဆုံးနေထိုင်ကြသည်။

စက်တင်ဘာလ (၉) ရက်နေ့တွင်လည်း သံတံတား စစ်ဆေးရေးဂိတ်အနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ခရီးသွား အမျိုးသမီး (၁) ဦးနှင့် ဒေသခံ (၂) ဦး ထိခိုက်ဒဏ်ရာရရှိ ခဲ့သည်။

### မြေမြှုပ်မိုင်းများ

ယခုလအတွင်း မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရ သူများ များပြားလာသည်။ စစ်ကောင်စီတပ်က လူနေ ဧရိယာများတွင် မြေမြှုပ်မိုင်းများကို ရည်ရွယ်ချက်ရှိရှိ မြှုပ်နှံထားသည်။

မြန်မာနိုင်ငံသည် ၂၀၀၃ ခုနှစ်တွင် မြေမြှုပ်မိုင်းတားမြစ် ရေး အပြည်ပြည်ဆိုင်ရာလှုပ်ရှားမှုတွင် ပါဝင်ခဲ့သော်လည်း မြေမြှုပ်မိုင်းအသုံးမပြုရေးစာချုပ်ကို လက်မှတ်ရေးထိုး ထားခြင်း မရှိချေ။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စခန်းကြီးကျေးရွာအုပ်စု ရဲတံခွန်ကျေးရွာမှ အမျိုးသမီးတစ်ဦးသည် မြေမြှုပ်မိုင်း နင်းမိသဖြင့် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

သြဂုတ်လ (၃၀) ရက်နေ့ ညနေ (၅) နာရီတွင် အသက် (၃၂) အရွယ် မငယ်ငယ်ထွေးသည် ၎င်း၏ခင်ပွန်းဖြစ်သူ နှင့်အတူ မျှစ်ရှာဖွေနေစဉ် လက်လုပ်မိုင်းတစ်ခုကို နင်းမိ ခဲ့သည်။ မိုင်းပေါက်ကွဲမှုကြောင့် ညာဘက်လက်မောင်း တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ ၎င်းပြင် ညာဘက် ပေါင်တွင်လည်း မိုင်းစ (၅) ခု ထိမှန်ခဲ့ပြီး ညာဘက်ပါး တွင်လည်း နက်ရှိုင်းသည့်ဒဏ်ရာ ရရှိခဲ့သည်။

မငယ်ငယ်ထွေးကို ဒေသခံလူမှုကယ်ဆယ်ရေးအသင်းက သံဖြူဇရပ်ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ပေးခဲ့သည်။ မြေ မြှုပ်မိုင်းပေါက်ကွဲမှုသည် တစ်ကြိမ်တည်း ဖြစ်ပွားခဲ့ခြင်း မဟုတ်ချေ။

သြဂုတ်လ (၂၂) ရက်နေ့ မနက် (၉) နာရီ မိနစ် (၃၀) အချိန်တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ရဲတံခွန်ကျေးရွာနေ အသက် (၃၀) အရွယ် ကိုစိုးသိန်းသည် ဘုန်းကြီးကျောင်းအနီးရှိ ရာဘာ ခြံတွင် ထင်းခုတ်ရင်း မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ ရဲတံခွန်ကျေးရွာ ဝန်းကျင်တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ တို့ လှုပ်ရှားနေပြီး စစ်ရေးတင်းမာနေသည့်ဒေသ ဖြစ်သည်။

## စက်တင်ဘာလ ၂၀၂၄

ဩဂုတ်လ (၁၅) ရက်နေ့ နေ့လည်ပိုင်းတွင် ရဲတံခွန်ရွာသစ် ဘုရားကုန်းပေါ်တွင် တပ်စွဲထားသည့် အင်အား (၁၀၀) ခန့်ရှိသည့် စစ်ကောင်စီတပ်ကို တော်လှန်ရေးအင်အားစုများက တိုက်ခိုက်ခဲ့သည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူအများအပြားမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီး တချို့မှာ အသက်အန္တရာယ်ထိခိုက်နိုင်သည့် ဒဏ်ရာများ ရရှိခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုများသည် “Eon Saw Mon” ရာဘာစက်ရုံ အနီးတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး အဆိုပါနေရာသည် မြေမြှုပ်မိုင်းများဖြင့် ပြည့်နှက်နေသည့်နေရာသဖွယ် ဖြစ်နေသည်။

စက်တင်ဘာလ (၂) ရက်နေ့တွင်လည်း Eon Saw Mon ရာဘာစက်ရုံအနီးရှိ ရာဘာခြံတစ်ခုတွင် မှိုခူးရန်သွားသည့် အသက် (၃၃) နှစ်အရွယ် စက်ရုံလုပ်သား ကိုမြင့်ကြည်သည်လည်း လက်လုပ်မြေမြှုပ်မိုင်း ထပ်မံနင်းမိပြန်သည်။ ပေါက်ကွဲမှုကြောင့် ဘယ်ဘက်လက်မောင်းနှင့် လက်ကောက်ဝတ်တို့ ထိခိုက်ခဲ့ပြီး ဘယ်ဘက်ခြေထောက်နှင့် ညာဘက်မျက်ခုံးတို့တွင်လည်း ဒဏ်ရာရရှိခဲ့သည်။

ဩဂုတ်လကုန် ညနေ (၈) နာရီ မိနစ် (၂၀) တွင်လည်း အသက် (၂၆) နှစ်အရွယ် ကိုကျော်ထွဋ်သည် ၎င်း၏မိခင်ဖြစ်သူဒေါ်မြနှင့်အတူ အဆိုပါရာဘာစက်ရုံအနီးတွင် မြက်ရှင်းနေစဉ် မြေမြှုပ်မိုင်း ပေါက်ကွဲခဲ့သည်။ ၎င်း၏ဘယ်ဘက်ကျောကုန်းတွင် မိုင်းစ (၅) ခု ထိမှန်ခဲ့ပြီး ဘယ်ဘက်လက်မောင်းသည်လည်း ပြင်းထန်စွာ ထိခိုက်ခဲ့သည်။

ဩဂုတ်လ (၃၀) ရက်နေ့တွင်လည်း ရဲတံခွန်ကျေးရွာမှ အသက် (၃၂) အရွယ် မငယ်ငယ်ထွေးသည် ၎င်း၏အမျိုးသားဖြစ်သူနှင့်အတူ လယ်ကွင်းကို ဖြတ်သန်းသွားလာစဉ် လက်လုပ်မိုင်းနင်းမိပြီး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

၎င်းပြင် ဩဂုတ်လ (၂၂) ရက်နေ့တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ရဲတံခွန်ကျေးရွာနေ အသက် (၃၀) အရွယ် ကိုစိုးသိန်းသည် ဘုန်းကြီးကျောင်းအနီးရှိ ရာဘာခြံတွင် ထင်းခုတ်ရင်း မြေမြှုပ်မိုင်းနင်းမိခဲ့သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင်လည်း ကရုပ္ပိကျေးရွာမှ ဒေါ်မလေးသည် မြေမြှုပ်မိုင်းနင်းမိပြီး ဘယ်ဘက်ခြေသလုံး ဆုံးရှုံးခဲ့ရသည်။ ရာဘာခြံတွင် ထင်းရှာနေစဉ် ပေါက်ကွဲမှုကြောင့် ခြေထောက် (၂) ဖက်စလုံးတွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

ဒေသခံပြည်သူများသည် နေ့စဉ်စားဝတ်နေရေးအတွက် မြေမြှုပ်မိုင်းပြည့်နှက်နေသည့် နေရာဒေသများတွင် သွားလာလှုပ်ရှားနေရကြောင်း အထက်ပါမြေမြှုပ်မိုင်းပေါက်ကွဲမှုများသည် မီးမောင်းထိုးပြနေသည်။

စက်တင်ဘာလ (၁၁) ရက်နေ့ နံနက် (၁၁) နာရီ မိနစ် (၄၀) တွင် သံဖြူဇရပ်မြို့နယ် အတွင်းစခန်းကြီးကျေးရွာမှ ဒေသခံခြံသမားတစ်ဦးသည် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

အသက် (၃၅) နှစ်အရွယ် ကိုဗထူးနှင့် ဇနီးဖြစ်သူတို့သည် ရာဘာခြံရှင်းရန်အတွက် သွားရောက်စဉ် လမ်းခုလတ်တွင် ကိုဗထူးက မြေမြှုပ်မိုင်းနင်းမိခြင်း ဖြစ်ပြီး ခြေထောက်နှင့် ဝမ်းဗိုက်တို့တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**“ကိုဗထူးက မြေမြှုပ်မိုင်းနင်းမိတာ ဒဏ်ရာက အတော်ပြင်းတယ်။ အထူးသဖြင့် သူ့ဘယ်ဘက်ခြေထောက်က အတော်လေးထိသွားတယ်။ ညာဘက်နဲ့ လက်တွေမှာလည်း မိုင်းစတွေ မှန်သွားတယ်။ ဝမ်းဗိုက်မှာဆို မိုင်းစတွေ အပြည့်ပဲ”** ဟု ဒေသခံမျက်မြင်တစ်ဦးက ပြောသည်။

ဒဏ်ရာပြင်းထန်သဖြင့် ကိုဗထူးကို သံဖြူဇရပ်ပြည်သူ့ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ပေးခဲ့သည်။

ဩဂုတ်လ (၂၂) ရက်နေ့မှ စက်တင်ဘာလ (၂) ရက်နေ့အထိ (၂) ပတ်တာကာလအတွင်း သံဖြူဇရပ်မြို့နယ်တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် အမျိုးသား (၃) ဦး

နှင့် အမျိုးသမီး (၁) ဦးတို့ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီး ဖြစ်သည်။

တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့်အပြင် ရဲတံခွန်၊ အေးသာယာနှင့် အတွင်းစခန်းကြီးကျေးရွာများတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုများလည်း သိသိသာသာ များပြားလာသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကောက်ခံရရှိထားသည့် အချက်အလက်များအရ ၂၀၂၄ ခုနှစ် ဇူလိုင်လ (၁၁) ရက်နေ့မှ စက်တင်ဘာလ (၁၀) ရက်နေ့အတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူ အနည်းဆုံး (၆) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်သူများတွင် ရဲတံခွန်ကျေးရွာမှ ဒေသခံများ၊ အေးသာယာကျေးရွာမှ ရာဘာစက်ရုံလုပ်သားများနှင့် အတွင်းစခန်းကြီးကျေးရွာတွင် ရာဘာခြံလုပ်ငန်းလုပ်ကိုင်နေသူ ပင်ရွာသား (၁) ဦးတို့ ဖြစ်ကြသည်။

အဆိုပါအန္တရာယ်များ တည်ရှိနေသော်လည်း ဒေသခံပြည်သူများမှာ ဝမ်းရေးအတွက် ထင်းကောက်ခြင်းနှင့် ဟင်းသီးဟင်းရွက်ရှာဖွေခြင်းများကို ဆက်လက်လုပ်ကိုင်နေရဆဲ ဖြစ်သည်။

မြေမြှုပ်မိုင်းပေါက်ကွဲမှုအတွက် စစ်ကောင်စီသာမက ဒေသခံတော်လှန်ရေးအင်အားစုများပါ တာဝန်ရှိသည်ဟု စွပ်စွဲပြောဆိုနေကြသော်လည်း နှစ်ဖက်စလုံးက မည်သူ့တွင် တာဝန်ရှိသည်ကို ထုတ်ဖော်ပြောဆိုခြင်း မရှိချေ။

သံဖြူဇရပ်-ရေးကားလမ်းမတလျှောက်တွင် သံဖြူဇရပ်မြို့နယ် ဝဲကလိအခြေစိုက် အမှတ် (၃၁၅) အမြောက်တပ်ရင်းနှင့် ရေးမြို့နယ် မော့ကနင်အခြေစိုက် အမှတ် (၃၁၇) အမြောက်တပ်ရင်းတို့ တည်ရှိနေသည်။

၎င်းပြင် အဆိုပါကားလမ်းပိုင်းတွင် ဒေါနစစ်ကြောင်း (Dawna Column)၊ Ye Air Force (YAF)၊ ရေးပြောက်ကျားတပ်ဖွဲ့ (Ye Guerrilla Force – YGF)၊ ရေးပြည်သူ့ကာကွယ်ရေးတပ် (Ye Defense Force – YDF)၊ တနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (All Burmese Students Democratic Front – ABSDF) တပ်ရင်း (၁)၊ မွန်ပြည်နယ်အခြေပြု တော်လှန်ရေးအဖွဲ့အစည်း (Mon State Revolutionary Organization)နှင့် မွန်ပြည်တော်လှန်ရေးတပ် (Mon State Revolutionary Force) တို့လည်း နယ်မြေစိုးမိုးလျက်ရှိသည်။

ပြီးခဲ့သည့် ၂၀၂၀ ခုနှစ်တွင်လည်း မွန်ပြည်သစ်ပါတီနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ပူးတွဲထိန်းချုပ်သည့် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကြောင်လျှာကွင်းဒေသတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှု ဆက်တိုက်ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူ (၁၀) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်အတွက် နှစ်ဖက်အဖွဲ့အစည်းများက တွေ့ဆုံဆွေးနွေးခဲ့သော်လည်း တိကျရေရာသည့် ဖြေရှင်းချက်မျိုး မရရှိခဲ့ချေ။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကောက်ခံရရှိထားသည့် အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် မွန်ပြည်နယ်၌ မြေမြှုပ်မိုင်းပေါက်ကွဲမှု (၁၉) ကြိမ် ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူ (၄) ဦး သေဆုံးကာ (၂၄) ဦး ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မြေမြှုပ်မိုင်းများ မကြာခဏပေါက်ကွဲခြင်း၊ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်းတို့ကြောင့် ဒေသခံပြည်သူများမှာ အကြောက်တရားနှင့် မသေချာမရေရာမှုများအကြားတွင် ရှင်သန်နေရသည်။

## အတင်းအဓမ္မစစ်မှုထမ်းခိုင်းခြင်း

စစ်ကောင်စီက "ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ဗဟိုကြီးကြပ်ကွပ်ကဲမှုအဖွဲ့" ကို ဖွဲ့စည်းလိုက်ခြင်းကြောင့် ပြည်သူများအကြားတွင် စိုးရိမ်မှု မြင့်တက်လာပြီး စစ်ရေးပဋိပက္ခတွင် အသုံးချခံဖြစ်လာမည်ကို ပြည်သူများက ကြောက်ရွံ့နေကြသည်။

အစီရင်ခံစာ ရေးသားနေချိန်တွင် အဆိုပါအဖွဲ့ကို ထောက်ပံ့ရန်အတွက်ဟုဆိုကာ စစ်ကောင်စီက မွန်ပြည်နယ်တစ်ခုလုံးတွင် ကျပ်သိန်းထောင်ချီ အတင်းအဓမ္မကောက်ခံနေသည်။ စစ်သားစုဆောင်းရန်

အတွက် လူငယ်များကို စစ်ကောင်စီက ပိုမိုပစ်မှတ်ထား လာသည်။

စက်တင်ဘာလ (၃) ရက်နေ့တွင် မွန်ပြည်နယ်၌ စစ်မှုထမ်း သင်တန်း အပတ်စဉ် (၅) ကို ဖွင့်လှစ်ခဲ့သည်။ အဆိုပါဖွင့်ပွဲ ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ စစ်သား စုဆောင်းရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ကျော်လင်းမောင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် စစ်သားစုဆောင်း ရေးကော်မတီဒုဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီးကျော်စွာမြင့်တို့ တက် ရောက်ခဲ့သည်။

စစ်မှုထမ်းသင်တန်းကို မော်လမြိုင်အခြေစိုက် အရှေ့တောင် တိုင်းစစ်ဌာနချုပ်ရှိ အမှတ် (၆) စစ်သင်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။

စစ်မှုထမ်းအပတ်စဉ် (၅) မှ သင်တန်းသားအရေအတွက် ကို တရားဝင်ထုတ်ပြန်ခြင်း မရှိသော်လည်း သင်တန်းသား စုဆောင်းပုံနှင့်ပတ်သက်၍ ဒေသခံပြည်သူများက စိုးရိမ် နေကြသည်။ မွန်ပြည်နယ်မှ ဒေသခံအမျိုးသမီးတစ်ဦးက **"မွန်ပြည်နယ်က စစ်သားတွေကို ရှေ့တန်းမပို့ဘူးလို့ သူ တို့ စည်းရုံးနေတယ်။ ဆင်းရဲနွမ်းပါးသူတွေ အထူးသဖြင့် ရွှေ့ပြောင်းလုပ်သားတွေကတော့ လူစားထိုးခံရတာပေါ့။ စစ်မှုထမ်းသူတွေရဲ့ မိသားစုကို ထောက်ပံ့ဖို့ဆိုပြီး အုပ်ချုပ် ရေးမှူးတွေက လတိုင်းငွေကောက်နေတယ်"** ဟု ပြောသည်။

စစ်မှုထမ်းသင်တန်းဆင်းပါက ရှေ့တန်းသို့ သွားရောက် ရန်မလိုဘဲ နောက်တန်းတွင်သာ လုံခြုံရေးကိစ္စရပ်များကို လုပ်ဆောင်ရမည်ဟု စစ်ကောင်စီက ပြောဆိုခဲ့သော်လည်း အပတ်စဉ် (၁) နှင့် (၂) မှ သင်တန်းဆင်းများသည် ရှေ့တန်း စစ်မျက်နှာပြင်သို့ ပို့ဆောင်ခြင်းခံနေရကြောင်း ဒေသခံ သတင်းရင်းမြစ်နှင့် တော်လှန်ရေးအင်အားစုများက ပြောသည်။

မွန်ပြည်နယ်တွင် စစ်မှုထမ်းသင်တန်းကို သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာအခြေစိုက် အမှတ် (၄) တပ်မတော်တန်း မြင့်လေ့ကျင့်ရေးကျောင်းနှင့် သထုံအခြေစိုက် အမှတ် (၉) အခြေခံစစ်သင်တန်းကျောင်းတို့တွင် ဖွင့်လှစ်ထားသည်။ စစ် မှုမထမ်းမနေရဥပဒေကြောင့် ဒေသခံပြည်သူများအကြား စိုးရိမ်မှုမြင့်တက်နေသကဲ့သို့ ဒေသတွင်း၌လည်း ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသည်။

စစ်မှုမထမ်းမနေရစနစ်ကို ဆန့်ကျင်သူများကလည်း အများအပြားပင် ရှိသည်။ စစ်မှုထမ်းရန်အတွက် မတရားထိန်းသိမ်းထားသည့် အမျိုးသား (၂၇) ဦးသည် စစ်သင်တန်းကျောင်းသို့ ပို့ဆောင်ခံရစဉ် အစောင့်စစ်သား (၂) ဦးကို တိုက်ခိုက်ပြီး လွတ်မြောက်သွားခဲ့ကြောင်း တော်လှန်ရေးအင်အားစုများနှင့်နီးစပ်သည့် သတင်း ရင်းမြစ်က ပြောသည်။

အဆိုပါအမျိုးသားများတွင် ထိုင်းနိုင်ငံမှ ပြန်လည် ပို့ဆောင်ခံထားရသူများလည်း ပါဝင်နေပြီး ပုလော မြို့နယ် ပလောက်အခြေစိုက် အမှတ် (၁၂) တပ်မတော် လေ့ကျင့်ရေးကျောင်းသို့ စစ်သင်္ဘောဖြင့် ပို့ဆောင်ခံခဲ့ရ သည်။ စစ်ကောင်စီက စစ်မှုထမ်းရန်အတွက် ၎င်းတို့ကို အတင်းအဓမ္မခိုင်းစေခဲ့ခြင်း ဖြစ်ပြီး နည်းလမ်းမျိုးစုံဖြင့် ပို့ဆောင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါအမျိုးသားများကို တင်ဆောင်ထားသည့်လှေ သည် စက်တင်ဘာလ (၇) ရက်နေ့တွင် မြိတ်မှထွက်ခွာ ပြီး စစ်သင်တန်းသို့ ဦးတည်လာခဲ့သည်။ စက်တင်ဘာ (၈) ရက်နေ့ ညနေပိုင်းတွင် ပုလောမြို့နယ် ခန္တီကျေးရွာ တွင် တစ်ထောက်ရပ်နားခဲ့ပြီး သင်တန်းသားများကို လှေ ငယ်များဖြင့် ထပ်ဆင့်သယ်ဆောင်ခဲ့သည်။

လှေငယ်ပေါ်တွင် သင်တန်းသားများက အစောင့် (၂) ယောက် ကို ရေထဲသို့ တွန်းချတိုက်ခိုက်ခဲ့ပြီး လက်နက်များကိုပါ ရယူ ကာ ထွက်ပြေးလွတ်မြောက်လာခဲ့သည်။

**"စစ်သားတွေဆီက သေနတ်တွေပါ ယူလာခဲ့ကြတယ်။ သူတို့ ကို သေအောင်ရိုက်ပြီး လွတ်လာကြတာ။ အဲဖြစ်စဉ်အတွင်း မှာတော့ လူငယ်အမျိုးသားတစ်ယောက်က အပစ်ခံရပြီး သေသွားတယ်"** ဟု တော်လှန်ရေးအင်အားစုများနှင့်နီးစပ်သူ သတင်းရင်းမြစ်တစ်ဦးက ပြောသည်။

## စက်တင်ဘာလ ၂၀၂၄

လွတ်မြောက်လာသူများက ပုလောမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ဆက်သွယ်ခဲ့ပြီး ထိုမှတဆင့် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း (KNDO) ၏ တပ်မဟာ (၇) တပ်ခွဲ (၅) သို့ လွှဲပြောင်းပေးခဲ့သည်။

(KNDO) ၏ တပ်မဟာ (၇) တပ်ခွဲ (၅) မှ တာဝန်ရှိသူက စစ်မှုထမ်းသင်တန်းသားများ လွတ်မြောက်လာသည်မှာ မှန်ကန်ကြောင်း မီဒီယာများကို အတည်ပြုပါသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) မှ တာဝန်ရှိသူများကလည်း အမျိုးသား (၂၇) ဦးသည် (KNDO) ၏ တပ်မဟာ (၇) ၏ လက်အောက်တွင် ရောက်ရှိနေပြီး KNU တပ်မဟာ (၄) က ကူညီထောက်ပံ့ပေးထားကြောင်း အတည်ပြုခဲ့သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ယခုနှစ်အစောပိုင်းတွင် ထုတ်ဝေခဲ့သည့် **"အတင်းအဓမ္မ စစ်တိုက်ခိုင်းခြင်း"** အစီရင်ခံစာငယ်တွင် စစ်မှုမထမ်းမနေရစနစ်၏ အကျိုးဆက်များကို ဖော်ပြခဲ့ပြီး ဖြစ်သည်။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာသည်နှင့်အတူ ဒေသခံပြည်သူများသည် ကြီးမားသည့် ထိခိုက်ခံစားရမှုများကို ကြုံတွေ့လာသည်မှာ (၄) နှစ်နီးပါး ရှိလာပြီဖြစ်သည်။


ဒေသခံပြည်သူများ၏ **"ခုခံကျော့ဖြတ်နိုင်စွမ်း"** ကို ပုံမှန်စမ်းသပ်နေသော်လည်း ၎င်းတို့သည် မည်သည့်အခါမျှ လက်မြှောက်အရှုံးပေးမည် မဟုတ်ချေ။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၄ စက်တင်ဘာလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၆၆) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၅၈) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၁၀၂) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၃၃) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## ၂၀၂၄ စက်တင်ဘာလတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

စက်တင်ဘာလ ၂၀၂၄




2+

စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ

# 7

## ၂၀၂၄ စက်တင်ဘာလတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| 4 | 2 | 1 |
|---|---|---|
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

# ၅၂,၃၈၀+

## စီမံကိန်းဧရိယာအတွင်းရှိ ထပ်မံတိုးပွားလာသည့်စစ်ဘေးရှောင်ပြည်သူဦးရေ

**မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ**

| 5+ | 2+ | 8+ |
|---|---|---|
| အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း (CDM) ပြုလုပ်မှုကြောင့် ထောင်ဒဏ်ကျခံခဲ့ရသူဦးရေ | စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် တက်ကြွလှုပ်ရှားသူများဦးရေ | စစ်ကောင်စီက အစအနဖျောက်လိုက်သည့် ပြည်သူများဦးရေ |

# 8+

ဒေသခံအမျိုးသား (၈) ဦးသည် စစ်ကောင်စီ၏ ဖမ်းဆီးခြင်းကို ခံရပြီး
နောက်ပိုင်း သတင်းအစအနပျောက်ဆုံးနေသည်။

# 190+

မီးရှို့ခံခဲ့ရသည့်
လူနေအိမ်အရေအတွက်



# 45+

မြန်မာနိုင်ငံတောင်ပိုင်းနှင့် တနင်္သာရီမြောက်ပိုင်းတွင် စစ်ကောင်စီက ဒေသခံပြည်သူများကို
လူသားဒိုင်းအဖြစ်အသုံးပြုခဲ့မှုဖြစ်စဉ် အရေအတွက်

# 50+

စစ်ကောင်စီကသိမ်းယူခဲ့သော မော်တော်ယာဉ်အရေအတွက်

# 70+

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာတွင် စစ်ကောင်စီတပ်ရင်း အနည်းဆုံး (၅)
တပ်ရင်းက ကျူးလွန်ခဲ့သည့် ငွေကြေးအတင်းအဓမ္မတောင်းခံခြင်း ဖြစ်စဉ်အရေအတွက်

# 5,000+

စီမံကိန်းဧရိယာအတွင်းရှိ အိမ်ထောင်စု (၅,၀၀၀) ကျော်သည် ရေကြီးရေလျှံမှုများကြောင့်
လူသားချင်းစာနာထောက်ထားမှုအကူအညီများ အရေးတကြီးလိုအပ်နေသည်။

## ကရင်ပြည်နယ်

- IDP 17,980+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 30 ဦးခန့်
- သေဆုံးသူ 9 ဦးခန့်

## မွန်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများသည် စစ်ကောင်စီတပ်၏ အကြမ်းဖက်မှုများကို ဆက်တိုက်ကြုံတွေ့ခံစားနေရသည်။ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာရှိ စစ်ကောင်စီတပ်၏ ဗျူဟာစခန်းကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် မဟာမိတ်ပူးပေါင်းတပ်များက ဝင်ရောက်တိုက်ခိုက်ပြီးနောက် တိုက်ပွဲများ ပိုမိုပြင်းထန်လာသည်။ တန်ပြန်သောအားဖြင့် စစ်ကောင်စီက လက်နက်ကြီးပစ်ခတ်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများကို အလွန်အကျွံလုပ်ဆောင်လာသည်။

ရက်စက်သည့်တိုက်ခိုက်မှုများကြောင့် နေအိမ်အလုံး (၅၀၀) ကျော် မီးလောင်ပျက်စီးခဲ့ပြီး အနီးအနားကျေးရွာ (၁၀) ရွာမှ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်။

ဩဂုတ်လ (၂၅) ရက်နေ့တွင် အခြေအနေများ ပိုမိုဆိုးရွားလာပြီး စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ထပ်မံလုပ်ဆောင်ခဲ့ပြန်သည်။ အနန်းကွင်းကျေးရွာတစ်ခုလုံး မီးလောင်ပျက်စီးခဲ့ရသည်။ စစ်ကောင်စီက အနီးအနားဝန်းကျင်ကို ဗုံးကြဲခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်နေပြီး တိုက်ပွဲက ဆက်လက်ပြင်းထန်နေသည်။

အနန်းကွင်း၊ လွတ်ရှမ်း၊ တညင်၊ ကျောက်ဘီလူး၊ သံပုရာ၊ ဖာယာ၊ ပန်းအောင်၊ ပုတော၊ ရက်ဖော၊ ကကတစ်၊ ခွန်နဝါ၊ ဝင်းခန၊ ဖားပြ၊ ကြက်ခြံနှင့် ခလယ်စောစသည့်ကျေးရွာများမှ ဒေသခံပြည်သူ (၄,၀၀၀) ကျော်သည် အိုးအိမ်စွန့်ခွာထွက်ပြေးနေရပြီး ဘေးလွတ်ရာတွင် ခိုလှုံနေရသည်။

အများစုသည် သံဖြူဇရပ်နှင့် မော်လမြိုင်မြို့များသို့ တိမ်းရှောင်သွားကြပြီး တချို့မှာ အနီးအနားကျေးရွာများနှင့် တောတောင်များတွင် ခိုလှုံနေရသည်။

**“မိုးရာသီမှာ စစ်ဘေးရှောင်ရတော့ စားဝတ်နေရေး အခက်အခဲဖြစ်တယ်။ တချို့က သံဖြူဇရပ်မြို့ဘက်က ဆွေမျိုးနီးစပ်တွေဆီမှာ လိုက်နေတာ ရှိတယ်”** ဟု စစ်ဘေးရှောင်အမျိုးသမီးတစ်ဦးက ပြောသည်။

အနန်းကွင်းကျေးရွာတွင် တိုက်ပွဲများ ပြင်းထန်နေခြင်းကြောင့် အနီးအနားကျေးရွာများရှိ စာသင်ကျောင်းများကိုလည်း ပိတ်ထားရပြီး သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းကိုလည်း ညနေ (၆) နာရီကျော်ပါက သွားလာခွင့်ပိတ်ပင်ထားသည်။

> “
>
> **မိုးရာသီမှာ စစ်ဘေးရှောင်ရတော့ စားဝတ်နေရေး အခက်အခဲဖြစ်တယ်။ တချို့က သံဖြူဇရပ်မြို့ဘက်က ဆွေမျိုးနီးစပ်တွေဆီမှာ လိုက်နေတာ ရှိတယ်**

## မွန်ပြည်နယ်

- IDP 12,400 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 28 ဦးခန့်
- သေဆုံးသူ 10 ဦးခန့်

## ကရင်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

စက်တင်ဘာလ (၂) ရက်နေ့မှစ၍ မွန်ပြည်နယ် ရေးမြို့နယ်တွင် စစ်ကောင်စီ၏ တိုက်ရိုက်ညွှန်ကြားမှုဖြင့် လုံခြုံရေး သိသိသာသာတင်းကြပ်လာသည်။ မြို့ဝင်မြို့ထွက်နေရာများတွင် ခရီးသွားများသာမက ဒေသခံပြည်သူများပါ တင်းကြပ်စွာ အစစ်ဆေးခံနေရသည်။ စစ်ဆေးမှုများကို ပိုမိုလုပ်ဆောင်ရန် စစ်ကောင်စီ၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရပ်ကျေးနှင့် မြို့နယ်အာဏာပိုင်များကို ညွှန်ကြားထားသည်။

စက်တင်ဘာလ (၃) ရက်နေ့တွင် ခရီးသွားများ ဝင်ထွက်သွားလာမှုများကို သက်ဆိုင်ရာရဲစခန်းနှင့် အုပ်ချုပ်ရေးဌာနများကို နေ့စဉ်အစီရင်ခံရန် ရပ်ကျေးအုပ်ချုပ်ရေးမှူးများကို ညွှန်ကြားခဲ့သည်။

၎င်းပြင် မြို့ရွာများတွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များကို အင်အားတိုးမြှင့်ထားပြီး အသွားအလာများကို တင်းကြပ်ခြင်းနှင့် စစ်ဆေးမေးမြန်းမှုများကို ပိုမိုလုပ်ဆောင်ခြင်းများ ပြုလုပ်လာသည်။

ရေးမြို့နယ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းမှုများကို လွန်လွန်ကျူးကျူး လုပ်ဆောင်နေပြီး နေအိမ်အတွင်းအထိ ဝင်ရောက်ကာ ရှာဖွေစီးနင်းမှုများ ပြုလုပ်နေကြောင်း ဒေသခံများက ပြောသည်။

ဒေသခံပြည်သူတစ်ဦးက "နေ့တိုင်း ရှာဖွေစစ်ဆေးနေတာပဲ။ အိမ်ထဲကိုလည်း အတင်းဝင်လာတယ်။ အပြုအမူတွေက အတော်လေးကြမ်းတမ်းတယ်။ သေနတ်တွေနဲ့လည်း ခြိမ်းခြောက်တယ်" ဟု ပြောသည်။

ရှာဖွေစစ်ဆေးမှုများသည် တစ်နေ့တခြား ပိုမိုဆိုးရွားလာပြီး အထူးသဖြင့် အမျိုးသားများသည် မေးခွန်းများကို အသေးစိတ်ဖြေကြားနေရသည်။ "စစ်ဆေးမေးမြန်းတာတော့ အရင်ကထက် ပိုတင်းကြပ်လာတယ်။ သူတို့က လူငယ်တွေကို ပိုပြီးစစ်တယ်။ သူတို့က မေးခွန်းတွေ သေသေချာချာကို မေးနေတာ" ဟု အခြားဒေသခံတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်လများတွင် ပုံမှန်နှင့် ရှောင်တခင်စစ်ဆေးမှုများကိုသာ စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့က လုပ်ဆောင်ခဲ့သော်လည်း လက်ရှိအချိန်တွင် ရှာဖွေစစ်ဆေးမှုပြုလုပ်တတ်သည့်အချိန်ကို ခန့်မှန်းရန် မဖြစ်နိုင်ကြောင်း၊ ရှာဖွေစစ်ဆေးမှုများ မကြာခဏပြုလုပ်နေကြောင်း ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

ရေးမြို့ပေါ်တွင် တိုက်ပွဲများဖြစ်ပွားနိုင်လာသည့်အပေါ် စစ်ကောင်စီက ကြိုတင်ပြင်ဆင်နေပြီး ဧည့်စာရင်းများကို တင်းကြပ်စွာ စစ်ဆေးနေသည်။ မြို့တွင်းနှင့် အနီးပတ်ဝန်းကျင်နေရာများအတွင်းရှိ လှုပ်ရှားမှုများကိုလည်း အနီးကပ်စောင့်ကြည့်နေသည်။ လူငယ်များကို အဓိကပစ်မှတ်ထားပြီး စစ်ဆေးနေကြောင်း ဒေသခံများက ပြောသည်။

စက်တင်ဘာလ ဒုတိယအပတ်တွင် မွန်ပြည်သူများကို ပစ်မှတ်ထားသည့် လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများ သိသိသာသာ များပြားလာသည်။ စစ်ကောင်စီ၏ အမှတ် (၃၁၇) နှင့် (၂၀၇) အမြောက်တပ်ရင်းနှင့် အမှတ် (၁၀၆) နှင့် (၅၈၆) ခြေမြန်တပ်ရင်းတို့က ပစ်ခတ်တိုက်ခိုက်နေသည်။ လလယ်ပိုင်းအထိ ဒေသခံပြည်သူအယောက် (၂၀) နီးပါး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ရေး၊ သံဖြူဇရပ်နှင့် မော်လမြိုင်မြို့နယ်များတွင် "ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက် နှိမ်နင်းရေးအဖွဲ့" ဖွဲ့စည်းမှုများကို အရှိန်မြှင့်လုပ်ဆောင်လာသည်။

စစ်သင်တန်းများကို အတင်းအကြပ်ဖိအားပေး တက်ရောက်စေခြင်း၊ စစ်မှုမထမ်းမနေရ လုပ်ဆောင်ခြင်းတို့မှတဆင့် ငွေကြေးအတင်းအဓမ္မကောက်ခံခြင်းများ ဖြစ်ပွားလာသည်။ "ပြည်သူ့လုံခြုံရေးအဖွဲ့များ" ဖွဲ့စည်းနိုင်ရန် စစ်ကောင်စီက ရပ်ကျေးအုပ်ချုပ်ရေးမှူးများကို အတင်းအကြပ်ဖိအားပေးနေသဖြင့် ၎င်းတို့မှာ အခက်အခဲကြုံနေရသည်။

၎င်းပြင် ရမ်းသမ်းပစ်ခတ်အကြမ်းဖက်မှုများကလည်း လူမျိုးဘာသာမရွေး ဒုက္ခပေးနေသည်။ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် လူငယ်အမျိုးသား (၁) ဦး သေဆုံးပြီး နောက်ထပ် (၄) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ဒေသခံအများအပြားသည်လည်း အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

ဩဂုတ်လ (၂၉) ရက်နေ့ နေ့ခင်း (၂) နာရီအချိန်တွင် ကော့ပနော့-ဝယ်ငံ့-ကော့ဝမ်ကျေးရွာလမ်းဆုံကို စစ်ကောင်စီတပ်ဖွဲ့က ဒရုန်းဖြင့် ဗုံး (၅) လုံး ကြဲချခဲ့သည်။ အဆိုပါနေရာတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေသည်ဟုဆိုကာ စစ်တပ်က တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ဗုံးသီးများသည် စက်သုံးဆီအရောင်းဆိုင်နှင့် လမ်းဆုံအနီးရှိ နေအိမ်များ အနီးတဝိုက်တွင် ကျရောက်ပေါက်ကွဲခဲ့သည်။ စက်သုံးဆီအရောင်းဆိုင်အနီးရှိ စိတ်ကျန်းမာရေးချို့တဲ့နေသူ အသက် (၂၂) အရွယ် အမျိုးသား (၁) ဦး သေဆုံးခဲ့သည်။ အခြားရွာသား (၄) ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကျိုက်မရောဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

စစ်ရေးတင်းမာမှုလည်း ဆက်လက်မြင့်တက်လာပြီး ဒေသခံပြည်သူအများအပြား ထွက်ပြေးတိမ်းရှောင်နေရသည်။ တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသည့် ကျိုက်မရောမြို့နယ် ပျားတောင်ဒေသကို စစ်ကောင်စီက ဒရုန်းဖြင့် မကြာခဏ ဗုံးကြဲတိုက်ခိုက်နေသည်။

သံဖြူဇရပ်မြို့နယ် ဝဲကလိအခြေစိုက် အမှတ် (၃၁၅) အမြောက်တပ်ရင်းက တိုက်ပွဲမရှိသော်လည်း အနန်းကွင်းကျေးရွာနှင့် အနီးအနားကျေးရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်နေသည်။ နေ့စဉ်နီးပါး ပစ်ခတ်တိုက်ခိုက်နေပြီး စက်တင်ဘာလ (၉) (၁၀) (၁၂) (၁၄) (၁၆) နှင့် (၁၇) ရက်နေ့များတွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ကြောင်း ဒေသခံများက ပြောသည်။ အကြောင်းမဲ့ပစ်ခတ်ဗုံးကြဲမှုများကြောင့် အနန်းကွင်းကျေးရွာအနီးရှိ ဖားပြကျေးရွာမှ လယ်ကွင်းများနှင့် အခြေခံအဆောက်အဦးများ ထိခိုက်ပျက်စီးခဲ့သည်။

ဒေသခံများ၏ ပြောကြားချက်အရ တိုက်ပွဲဖြစ်ပွားခြင်း မရှိသော်လည်း စစ်ကောင်စီက ရမ်းသမ်းပစ်ခတ်မှုများကို ဆက်လက်လုပ်ဆောင်နေပြီး ဒေသခံပြည်သူများအကြား အကြောက်တရားများ ပျံ့နှံ့ကာ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသည်။

စက်တင်ဘာလ (၈) ရက်နေ့တွင် ဖားပြကျေးရွာကို ဟောင်ဝစ်ဇာအမြောက်ဖြင့် (၆) ကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လူထိခိုက်သေဆုံးမှု မရှိသော်လည်း လယ်မြေများနှင့် သစ်ပင်များ ထိခိုက်ပျက်စီးခဲ့သည်။

လက်နက်ကြီးပစ်ခတ်မှုအပြင် စက်တင်ဘာလ (၉) ရက်နေ့တွင် ကရင်ပြည်နယ် ကျုံခဝန်ကျေးရွာကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ အသက် (၃) နှစ်အရွယ် ကလေးငယ် (၁) ဦး အပါအဝင် ဒေသခံပြည်သူ (၂) ဦး ထိခိုက်ခဲ့သည်။

တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် အနီးအနားကျေးရွာများမှ ဒေသခံပြည်သူရာချီ ထွက်ပြေးတိမ်းရှောင်နေရသည်။ စစ်ကောင်စီ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပျက်စီးဆုံးရှုံးမှု အလွန်များပြားခဲ့သည်။ အနန်းကွင်းနှင့် အနီးအနားကျေးရွာများသည် လုံးဝဥ သုံ့ပျက်စီးသွားခဲ့ရပြီ ဖြစ်သည်။

၂၀၂၄ စက်တင်ဘာလ အစောပိုင်းမှစ၍ ရေးမြို့နယ်အခြေစိုက် အမြောက်တပ်ရင်းနှင့် ခြေလျင်တပ်ရင်းများက တိုက်ပွဲမရှိသော်လည်း ရာဘာခြံများ၊ ဥယျာဉ်ခြံများနှင့် လယ်မြေများအနီးတဝိုက်ကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေသည်။

လက်နက်ကြီးကျည်များသည် ဥယျာဉ်ခြံ၊ ရာဘာခြံနှင့် လယ်ကွင်းပြင်များတွင် ကျရောက်ပေါက်ကွဲနေခြင်းကြောင့်

လယ်ယာနှင့် ခြံလုပ်ငန်းလုပ်ကိုင်သူများသည် လုပ်ငန်းခွင်သို့ မသွားရောက်ရဲတော့ဘဲ လုပ်ငန်းရပ်နားထားရကြောင်း သိရသည်။

"အခုတလော (၁၀၆) တပ်က နေ့တိုင်းပစ်နေတော့ ကျွန်မတို့ကို အဖေ့ကို ခြံပေးမသွားတော့ဘူး။ လက်နက်ကြီးကျည်တွေက ခြံဘက်မှာ အမြဲလိုလို ကျနေတယ်။ နေ့တိုင်း ပစ်နေတော့ ဘယ်သူမှ ခြံမသွားရဲတော့ဘူး။ ကြိုးတံတားဘက်ကခြံတွေဆို ပစ်ထားတာ နှစ်နဲ့ချီနေပြီ။ မြေမြှုပ်မိုင်းလည်း ရှိတော့ မသွားရဲဘူး" ဟု မော့ကနင်ဒေသခံတစ်ဦးက ပြောသည်။

**"အခုတလော (၁၀၆) တပ်က နေ့တိုင်းပစ်နေတော့ ကျွန်မတို့ကို အဖေ့ကို ခြံပေးမသွားတော့ဘူး။ လက်နက်ကြီးကျည်တွေက ခြံဘက်မှာ အမြဲလိုလို ကျနေတယ်။ နေ့တိုင်း ပစ်နေတော့ ဘယ်သူမှ ခြံမသွားရဲတော့ဘူး။ ကြိုးတံတားဘက်ကခြံတွေဆို ပစ်ထားတာ နှစ်နဲ့ချီနေပြီ။ မြေမြှုပ်မိုင်းလည်း ရှိတော့ မသွားရဲဘူး"**

**ကရင်ပြည်နယ်**

**မွန်ပြည်နယ်**

## တနင်္သာရီ တိုင်းဒေသကြီး

- IDP 22,000+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 50 ဦးခန့်
- သေဆုံးသူ 14 ဦးခန့်

မြန်မာနိုင်ငံတောင်ပိုင်းသည် အကြမ်းဖက်တိုက်ခိုက်မှုများကို အလူးအလဲကြုံတွေ့ခံစားနေရသည်။ သို့သော် ဒေသတွင်းနှင့် နိုင်ငံတကာမီဒီယာများပေါ်တွင် သတင်းထွက်ပေါ်ခြင်း မရှိချေ။ ရဲတံခွန်နှင့် အနီးအနားပတ်ဝန်းကျင်ကျေးရွာများတွင် စစ်ကောင်စီတပ်အပြင် ဒေသခံကာကွယ်ရေးတပ် များကလည်း လှုပ်ရှားနေပြီး တိုက်ပွဲပြင်းထန်လျက်ရှိသည်။ ဩဂုတ်လ (၁၅) ရက်နေ့ နေ့လည်ပိုင်းတွင် ရဲတံခွန်ကျေးရွာ ဘုရားကုန်းတွင် တပ်စွဲထားသည့် အင်အား (၁၀၀) ခန့်ရှိသော စစ်ကောင်စီတပ်ကို တော်လှန်ရေးအင်အားစုများက တိုက်ခိုက်ခဲ့သည်။

ဇူလိုင်လ (၁၈) ရက်နေ့ကတည်းက ပြည်ထောင်စုလမ်းမကြီးကို ပြန်လည်ထိန်းချုပ်နိုင်ရန် စစ်ကောင်စီက စစ်ကြောင်းထိုးနေသည်။ ၂၀၂၃ ခုနှစ်တွင် တော်လှန်ရေးအင်အားစုများက အမှတ် (၈) ပြည်ထောင်စုလမ်းမကြီးကို ထိန်းချုပ်လိုက်ပြီးနောက်ပိုင်း တိုက်ပွဲများနေ့စဉ်ဖြစ်ပွားနေသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ပိုမိုဆိုးရွားလာပြီး စစ်ဆေးရေးဂိတ်များလည်း တိုးပွားလာသည်။ ဩဂုတ်လ (၃၀) ရက်နေ့တွင် အသက် (၃၀) အရွယ်ကိုနောင်ချိုသည် ဆိုင်ကယ်စီးနင်းလာစဉ် တောင်းရှည်ကျေးရွာရှိ ယာယီစစ်ဆေးရေးဂိတ်မှ စစ်သားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၎င်းကို မြိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုပေးခဲ့ရသည်။

ဆေးကုသမှုခံယူနေစဉ် ကိုနောင်ချိုကို စက်တင်ဘာလ (၁) ရက်နေ့တွင် တောင်ရှည်အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်တို့က ဖမ်းဆီးခဲ့သည်။ ၎င်း၏မော်တော်ဆိုင်ကယ်တွင် မူးယစ်ဆေးတွေ့ရှိသည်ဟုဆိုကာ ဖမ်းဆီးခြင်းဖြစ်ကြောင်း ၎င်းနှင့်နီးစပ်သူကပြောသည်။

**"သူ့ဆိုင်ကယ်မှာ မူးယစ်ဆေးတွေ တွေ့တယ်ဆိုပြီး စစ်တပ်က လာဖမ်းသွားတာ"** ဟု တောင်ရှည်ရွာသားတစ်ဦးက ပြောသည်။

ကိုနောင်ချိုသည် ခြေထောက်နှင့် ကျောကုန်းတွင် ဒဏ်ရာရရှိထားသော်လည်း မြိတ်ပြည်သူ့ဆေးရုံမှ အကျဉ်းထောင်သို့ ပို့ဆောင်ခံခဲ့ရသည်။ ဩဂုတ်လ (၃၀) ရက်နေ့တွင် စစ်ကောင်စီ၏ စစ်ကြောင်းတစ်ခုကို တော်လှန်ရေးအင်အားစုများက ဇဝဲနှင့် ရန်ပြိုကျေးရွာအကြားတွင် မိုင်းဆွဲတိုက်ခိုက်ခဲ့သည်။ ၎င်းပြင် ဩဂုတ်လ (၁၂) ရက်နေ့တွင် တနင်္သာရီတံတားရှိ စစ်ကောင်စီစစ်ဆေးရေးဂိတ်က အမျိုးသား (၂) ဦး ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အခြားဖြစ်စဉ်တစ်ခုတွင် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်၌ ဒေသခံပြည်သူ (၁၀) ဦး ဖမ်းဆီးခံခဲ့ရပြီး နေအိမ်အနည်းဆုံး (၉) လုံး မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ ၎င်းပြင် အမျိုးသား (၂) ဦးမှာလည်း ပစ်ခတ်သတ်ဖြတ်ခံခဲ့ရသည်။ အဆိုပါအကြမ်းဖက်မှုသည် စခန်းကြီးကျေးရွာအုပ်စု ဖွားဘုတ်ပြင်နှင့် ဘူချိုင်းကျေးရွာများတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ စစ်ကောင်စီက နေအိမ်များကို ဩဂုတ်လ (၃၁) ရက်နေ့မှစ၍ စတင်မီးရှို့ ဖျက်ဆီးခဲ့ပြီး ဖွားဘုတ်ပြင်းမှ နေအိမ် (၆) လုံးနှင့် ဘူချိုင်းမှ နေအိမ် (၃) လုံး မီးလောင် ပျက်စီးခဲ့သည်။

စက်တင်ဘာလ (၁) ရက်နေ့တွင် ဖွားဘုတ်ပြင်ကျေးရွာမှ အသက် (၅၀) အရွယ် ဦး ကျော်သန်းကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ "သူက ရွာထဲ မှာ နွားတွေကို အစာကျွေးနေတာ။ သူ့အလောင်းမှာ သေနတ်ဒဏ်ရာတွေ တွေ့တယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

အစအနပျောက်ဆုံးခြင်းများလည်း ပိုမိုဖြစ်ပွားလာနေပြီး ပြန်လည်တွေ့ရှိသည့် အလောင်းများတွင်လည်း ညှဉ်းပန်းနှိပ်စက်ခံထားရသည့် လက္ခဏာများ တွေ့ရှိနေ ရသည်။ စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပင်လယ်ကမ်းစပ်ကျေးရွာများနှင့် စခန်းကြီး ကျေးရွာအုပ်စုကို စစ်ကြောင်းထိုးနေသဖြင့် ဒေသခံပြည်သူများမှာ တိမ်းရှောင်နေရ သည်။ စစ်ရှောင်ပြည်သူများ၏ နေအိမ်များကို စစ်တပ်က ဝင်ရောက်လုယက်နေသည်။

ဩဂုတ်လ (၂၆) ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပြင်းထိန်ကျေးရွာကို ဝင် ရောက်လာပြီး နေအိမ်အလုံး (၂၀) ကျော်ကို စီးနင်းကာ လက်ကိုင်ဖုန်းများ၊ မှတ်ပုံတင် များ၊ ယာဉ်မောင်းလိုင်စင်များနှင့် ငွေသားများကို လုယက်သိမ်းယူသွားသည်။ သဘော့ ဆိပ်၊ ပြင်ကြီးနှင့် မောင်းမကန်မှ ဒေသခံပြည်သူများသည် ထွက်ပြေးတိမ်းရှောင်နေရ သည်။

ဩဂုတ်လ (၂၈) ရက်နေ့မှ စက်တင်ဘာလ (၂) ရက်နေ့အတွင်း စစ်ကောင်စီ စစ်ကြောင်း (၃) ခုက စခန်းကြီးကျေးရွာအုပ်စုရှိ ကျေးရွာ (၈) ရွာကို စစ်ကြောင်းထိုး ခဲ့သဖြင့် စခန်းကြီး၊ ဖွားဘုတ်ပြင်၊ မောင်းမကန်နှင့် ထိန်တွင်းကျေးရွာများမှ ဒေသခံ ပြည်သူများ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ ဖွားဘုတ်ပြင်ကျေးရွာကို စစ်ကောင်စီ တပ်က ဩဂုတ်လ (၃၁) မှ စက်တင်ဘာလ (၂) ရက်နေ့အထိ (၃) ရက်ဆက်တိုက် မီးရှို့ခဲ့သည်။ ပျက်စီးဆုံးရှုံးမှုကို မသိရသေးချေ။

ဖွားဘုတ်ပြင်၊ စခန်းကြီးနှင့် မဲအောင်ကျေးရွာများမှ အမျိုးသား၊ အမျိုးသမီး အနည်းဆုံး (၁၀) ဦး ဖမ်းဆီးခံခဲ့ရပြီး လူသားဒိုင်းအဖြစ် လမ်းပြခိုင်းခဲ့သည်။ ယနေ့အချိန်အထိ ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးချေ။

ဩဂုတ်လ (၂၈) ရက်နေ့ နံနက် (၆) နာရီ မိနစ် (၃၀) တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များ က ကျောက်ဆင်ကျေးရွာကို ရောက်ရှိလာပြီး နေအိမ်တံခါးများကို ချိုးဖျက်ဝင်ရောက် ခဲ့ကြောင်း ဒေသခံများက ပြောသည်။ ဩဂုတ်လ (၂၆) ရက်နေ့ မနက် (၃) နာရီတွင်

လောင်းလုံးမြို့မရဲစခန်းမှ စစ်ကောင်စီတပ်ဖွဲ့ဝင် အင်အား (၃၀) ခန့်က ပြင်းထိန်ကျေးရွာတောင်ပိုင်းကို ဝင်ရောက်လာပြီး နေအိမ် (၁၁) လုံးကို စီးနင်းခဲ့သည်။ နေ့ခင်းပိုင်းတွင် မြောက်ပိုင်းရှိ နေအိမ် (၈) လုံးကို ထပ်မံဝင်ရောက်ရှာဖွေခဲ့သဖြင့် ဒေသခံပြည်သူများ ထွက်ပြေးခဲ့ရသည်။

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာအုပ်စုကို စစ်ကြောင်းထိုးစဉ်အတွင်း ဘူချိုင်းရွာသား (၃) ဦးအပါအဝင် ရွာသား (၄) ဦး သတ်ဖြတ်ခံခဲ့ရသည်။ ဩဂုတ် (၃၁) မှ စက်တင်ဘာ (၂) ရက်နေ့အတွင်း စစ်ကောင်စီက ပစ်သတ်ခဲ့သည့် ဦးကျော်သန်း၊ ဦးဖိုးအေးနှင့် ဦးဘရွှေတို့၏ ရုပ်အလောင်းများကို ပြန်လည်တွေ့ရှိခဲ့သည်။

အသက် (၃၀) ဝန်းကျင် အမည်မသိရုပ်အလောင်းတစ်ခုကိုလည်း တွေ့ရှိခဲ့ပြီး နှိပ်စက်ခံထားရသည့်လက္ခဏာများပါ တွေ့ရှိခဲ့သည်။ နေအိမ်အနည်းဆုံး (၁၀) လုံး မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ဒေသခံပြည်သူ (၁၄) ဦးကို ပြန်လွှတ်ပေးခဲ့ကာ (၇) ဦးကို ဆက်လက်ဖမ်းဆီးထားသည်။ စစ်ဆင်ရေးကို ဩဂုတ်လ (၂၆) မှ စက်တင်ဘာလ (၄) ရက်နေ့အထိ လုပ်ဆောင်ခဲ့သဖြင့် ကျေးရွာအများအပြား ထိခိုက်ပျက်စီးခဲ့သည်။

**"သူတို့ (၃) ယောက်က ရိုးရိုးအေးအေးတွေပါပဲ။ နွားကျောင်း၊ ခြံစိုက်လုပ်နေတဲ့သူတွေပါ"** ဟု ဒေသခံတစ်ဦးက ပြောသည်။

စက်တင်ဘာလ (၄) ရက်နေ့တွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်က တနင်္သာရီတိုင်း ပုလောမြို့နယ် ပလမြို့ကို ဝင်ရောက်စီးနင်းခဲ့သည်။ တိုက်ပွဲဖြစ်စဉ်အတွင်း စက်တင်ဘာလ (၄) နှင့် (၅) ရက်နေ့များတွင် အမျိုးသမီးနှင့် သက်ကြီးရွယ်အိုများအပါအဝင် ဒေသခံပြည်သူအယောက် (၆၀) ကျော်ကို စစ်တပ်က ဖမ်းဆီးခဲ့သည်။

စက်တင်ဘာလ (၅) ရက်နေ့တွင် သက်ကြီးပိုင်းအမျိုးသား၊ အမျိုးသမီး (၄၀) ကျော်ကို ပြန်လွှတ်ပေးခဲ့သော်လည်း စစ်မှုထမ်းအသက်အရွယ်တွင် အကျုံးဝင်သည့် အမျိုးသား၊ အမျိုးသမီး အယောက် (၂၀) ကို ဆက်လက်ထိန်းသိမ်းထားသည်။

**"ခုချိန်ထိ ပလမြို့က ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနဲ့ လူနေအိမ်တွေမှာပါ စစ်တပ်က တပ်စွဲထားတုန်းပဲ။ တပ်သားအင်အားတွေကို ခွဲပြီး နေထိုင်နေကြတယ်။ စစ်ရေးလှုပ်ရှားမှုတော့ ဘာမှမရှိသေးဘူး"** ဟု ဒေသခံတစ်ဦးက ပြောသည်။

လုံခြုံရေးအရ စိုးရိမ်ပူပန်မှုရှိနေသဖြင့် ဒေသခံပြည်သူအများအပြားက တိမ်းရှောင်နေသည်။ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းနှင့် စစ်ကောင်စီက မြို့ထဲတွင် ဝင်ရောက်တပ်စွဲထားခြင်းတို့ကြောင့် မြို့ကို စွန့်ခွာနေကြသည်။

"အိမ်ကောင်းတွေမှာ ဝင်တပ်စွဲတယ်။ အိမ်ထဲမှာရှိတဲ့ ပစ္စည်းတွေကို ဖောက်ထွင်းပြီး မီးရှို့ဖျက်ဆီးမှာကိုပဲ စိုးရိမ်တယ်" ဟု အခြားပလဒေသခံတစ်ဦးက ပြောသည်။

၂၀၂၄ ဩဂုတ်လအစောပိုင်းမှစ၍ ပုလောမြို့နယ် ပလရဲစခန်းအနီးတွင် တိုက်ပွဲများ ဖြစ်ပွားနေပြီး စစ်ကောင်စီ၏လက်နက်ကြီးကြောင့် အရပ်သားသေဆုံးမှုများ ရှိနေသည်။ စက်တင်ဘာလ (၆) ရက်မှ (၉) ရက်နေ့အတွင်း တနင်္သာရီမြို့နယ် ဘန်လောကျေးရွာအုပ်စုကို စစ်ကောင်စီက ဒရုန်းဖြင့် နေ့စဉ်ရက်ဆက်တိုက်ခိုက်ခဲ့ခြင်းကြောင့် ရွာသား (၆) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စက်တင်ဘာလ (၄) ရက်နေ့တွင် အင်အား (၂၀၀) ဝန်းကျင်ရှိ စစ်ကောင်စီစစ်ကြောင်းနှင့် တော်လှန်ရေးအင်အားစုများ တိုက်ပွဲဖြစ်ပွားခဲ့သည်။ စက်တင်ဘာလ (၉) ရက်နေ့အထိ တိုက်ပွဲ ပြင်းထန်နေခဲ့သည်။

စက်တင်ဘာ (၇) နှင့် (၈) ရက်နေ့များတွင် စစ်ကောင်စီက ဒရုန်းဖြင့်တိုက်ခိုက်ခဲ့သဖြင့် ဘန်လင်း ကျေးရွာမှ အသက် (၅၃) နှစ်အရွယ် ကိုစိုးလွင်၊ အသက် (၄၂) အရွယ် ကိုသားပုနှင့် အသက် (၄၄) နှစ်အရွယ် အမည်မသိအမျိုးသားတစ်ဦးတို့ ထိခိုက်ဒဏ်ရာရခဲ့သည်။ စက်တင်ဘာလ (၉) ရက်နေ့ တွင် အနောက်ဘန်လင်းကျေးရွာမှ အသက် (၅၅) နှစ်အရွယ် ဒေါ်ခင်ဝေ၊ အသက် (၄၀) အရွယ် ဦးစိန် ဝင်းနှင့် အသက် (၃၀) အရွယ် ဒေါ်ဖြူစင်ထွေးတို့ ဗုံးစထိမှန်ဒဏ်ရာရခဲ့ကြောင်း လူမှုကယ်ဆယ်ရေး သတင်းရင်းမြစ်တစ်ခုက ပြောသည်။

"ဒဏ်ရာသူ (၆) ယောက်စလုံးကို ဆေးကုပေးနေပါတယ်။ ကံကောင်းချင်တော့ တစ်ယောက်မှ မ စိုးရိမ်ရဘူး" ဟု လူမှုကယ်ဆယ်ရေးအသင်းမှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

၎င်းပြင် စက်တင်ဘာလ (၆) ရက်နေ့တွင် စစ်ကောင်စီတပ်၏ ဒရုန်းတိုက်ခိုက်မှုကြောင့် ဘန်လော ကျေးရွာမှ ယာဉ်မောင်းတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ပြန်သည်။

ဘန်လောကျေးရွာတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် ဒေသခံပြည်သူများမှာ ဘေးလွတ် ရာ တိမ်းရှောင်နေရသည်။ ယခုနှစ်အစောပိုင်းကာလမှစ၍ စစ်ကောင်စီတပ်က တနင်္သာရီတိုင်း ရှိ စစ်ဆင်ရေးများတွင် ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်ခြင်းကို ပိုမိုလုပ်ဆောင်လာပြီး အရပ်သားထိခိုက် သေဆုံးမှုများလည်း ရှိလာသည်။

မြိတ်ခရိုင် ပုလောမြို့နယ် ငါးမိုင်းကျေးရွာမှ နေအိမ်များကို စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီ တပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်။ စက်တင်ဘာလ (၁၄) ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး နောက် စစ်ကောင်စီတပ်က နေအိမ်များကို မီးရှို့ကာ ရွာသားများကို ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ စက်တင်ဘာလ (၁၅) ရက်နေ့ ညနေပိုင်းတွင် အခြေအနေများ ပိုမိုဆိုးရွားလာသည်။ စစ်တပ်က ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး နေအိမ်များကို ထပ်မံမီးရှို့ဖျက်ဆီးသည့်အပြင် ရွာသားများကို လည်း နောက်ထပ်ဖမ်းဆီးခဲ့သည်။

ဝင်ရောက်လာလမ်းကြောင်းတလျှောက်တွင် စစ်ကောင်စီတပ်က ရွာသားအနည်းဆုံး (၁၀) ဦး ကို ဖမ်းဆီးခဲ့ကြောင်း ဒေသခံများက ပြောသည်။ နေအိမ် (၉) လုံးကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။ "ညနေပိုင်းမှာ ဆိုင်တစ်ဆိုင်နဲ့ အိမ် (၄) လုံးကို စရှို့တယ်။ အဲနောက်တော့ တစ်ညလုံး မီးရှို့ဖျက်ဆီး နေတော့တာပဲ" ဟု မျက်မြင်တစ်ဦးက ပြောသည်။

ဖမ်းဆီးခံထားရသူများ၏ အခြေအနေကိုလည်း သေချာစွာ မသိနိုင်ချေ။ စစ်ဆေးမေးမြန်းမှု ပြုလုပ်နေသည်ဟုသာ ခန့်မှန်းရသည်။

စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အပါအဝင် တော်လှန်ရေးအင်အားစုများအကြား စစ်ရေးတင်းမာနေဆဲဖြစ်သည်။ စက်တင်ဘာလ (၁၄) ရက်နေ့ တိုက်ပွဲပြီးနောက် အခြေအနေများ ပိုမိုတင်းမာလာသည်။ ရုပ်ပုံကျေးရွာတွင်လည်း အခြေအနေများ တင်းမာနေပြီး စစ်တပ်က ကျေးရွာအတွင်း ဝင်ရောက်တပ်စွဲထားသည်။

အကြမ်းဖက်မှုများကြောင့် ပုလောမြို့နယ်သည် မတည်မငြိမ်ဖြစ်နေပြီး ဒေသခံပြည်သူများသည် စစ်ကောင်စီနှင့် တော်လှန်ရေးအင်အားစုများအကြားက တိုက်ပွဲတွင် ပိတ်မိနေသည်။

စက်တင်ဘာလ (၁၁) ရက်နေ့တွင် မြိတ်ခရိုင် တနင်္သာရီမြို့နယ် ကျွဲထိန်းကုန်းကျေးရွာကို စစ်ကောင်စီတပ်က ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အမျိုးသမီး (၃) ဦး အပါအဝင် ဒေသခံပြည်သူ (၄) ဦး သေဆုံးခဲ့သည်။

အသက် (၁၈) နှစ်အရွယ် မဖြူဇာအေး၊ အသက် (၂၁) အရွယ် မောင်နေနိုင်သူ၊ အသက် (၄၀) အရွယ် ဒေါ်စန်းသွယ်နှင့် အသက် (၅၇) နှစ်အရွယ် ဒေါ်စန်းသီတို့ ထိခိုက်သေဆုံးခဲ့သည်။

“ကျွဲထိန်းကုန်း၊ ဆင်ခေါင်း၊ ငါးမိုင်၊ ခြောက်မိုင်၊ ဘန်လော၊ ဘန်တင်နဲ့ အနီးအနားကရွာတွေမှာတော့ တိုက်ပွဲက နေ့တိုင်းလိုလိုဖြစ်နေတာပဲ” ဟု ဒေသခံတစ်ဦးက ပြောသည်။

စက်တင်ဘာလ (၁၂) ရက်နေ့တွင် ကွင်းသစ်ကျေးရွာကို စစ်ကောင်စီတပ်က ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဒေသခံတစ်ဦးဖြစ်သူ ဦးသီဟ၏နေအိမ် ထိခိုက်ပျက်စီးခဲ့သည်။

စစ်ကောင်စီ၏ လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည့် စစ်ရှောင်ပြည်သူများကို လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရန် ကရင်အမျိုးသားအစည်းအရုံးက တိုက်တွန်းထားသည်။ စစ်ရှောင်ပြည်သူများသည် အစားအစာ၊ ဆေးဝါး၊ အမိုးအကာနှင့် အခြားအခြေခံလိုအပ်ချက်များကို အရေးပေါ်လိုအပ်နေသည်။

တိုက်ပွဲဖြစ်ပြီးနောက် ထားဝယ်မြို့နယ် ရန်ကုန်-ထားဝယ်ကားလမ်းနံဘေး ထားဝယ်နည်းပညာတက္ကသိုလ်အနီးရှိ မောင်မယ်ရှောင်ကျေးရွာမှ နေအိမ်များကို စစ်ကောင်စီတပ်က မီးရှို့ခဲ့သည်။

စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲဖြစ်ပွားပြီးနောက် စက်တင်ဘာ (၂၂) ရက်နေ့ နေ့ခင်းအချိန်တွင် အင်အား (၂၀၀) ပါ စစ်ကြောင်းက စစ်ကား (၄) စီးနှင့် Vigo ကား (၁၀) စီးတို့ဖြင့် ကျေးရွာအတွင်းသို့ ဝင်ရောက်လာသည်။ နောက်တစ်ရက်ဖြစ်သည့် စက်တင်ဘာလ (၂၃) ရက်နေ့ မနက် (၈) နာရီခန့်တွင် ဇဟာကျေးရွာအခြေစိုက် အမှတ် (၃၀၂) အမြောက်တပ်ရင်းမှ စစ်ကောင်စီတပ်ဖွဲ့ဝင် (၁၀၀) ခန့်သည် မောင်မယ်ရှောင်ကျေးရွာ အရှေ့ပိုင်းသို့ ဝင်ရောက်လာပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။

ဒေသခံတစ်ဦးက "လမ်းပေါ်မှာ စစ်သားတွေ အပြည့်ပဲ။ အိမ်တွေကို မီးရှို့ပြီး ရမ်းသမ်းပစ်ခတ်နေတယ်" ဟု ပြောသည်။ တိုက်ပွဲများဆက်လက်ဖြစ်ပွားခြင်း မရှိသော်လည်း စစ်ကောင်စီတပ်က ရမ်းသမ်းပစ်ခတ်မှုများကို ဆက်လက်လုပ်ဆောင်နေပြီး နေအိမ်များကို ထပ်မံမီးရှို့ဖျက်ဆီးနေသည်။

စက်တင်ဘာလ (၂၀) ရက်နေ့တွင်လည်း တိုက်ပွဲဖြစ်ပွားပြီးနောက် ရွာလယ်လမ်းဆုံနားက နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။ မီးရှို့ဖျက်ဆီးမှု (၂) ကြိမ်အတွင်း မီးလောင်ပျက်စီးခဲ့သည့်နေအိမ် အရေအတွက်ကို အတိအကျမသိရှိရသေးချေ။

လက်ရှိအချိန်တွင် စစ်ကောင်စီတပ်က မောင်မယ်ရှောင်ကျေးရွာတွင် ကင်းလှည့်မှုများကို တိုးမြှင့် လုပ်ဆောင်နေသဖြင့် ကျေးရွာသည် ပဋိပက္ခနယ်မြေသဖွယ် ဖြစ်လာသည်။ စစ်တပ်က ဝင်ရောက် တပ်စွဲခြင်းနှင့် အကြမ်းဖက်မှုများ ကျူးလွန်နေခြင်းကြောင့် ဒေသခံပြည်သူများသည် ပြီးခဲ့သည့် (၃) လအတွင်း ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်နေကြသည်။

## အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံ စားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေး ထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမ တည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ် ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေး နေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီ က ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာ ဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူး အာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါ အခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ် ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ် များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံ အခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ် ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူ နေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ် ခြင်းများကို ပြုလုပ်နေသည်။

## တိုက်တွန်းတောင်းဆိုချက်များ

**မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။**

၁. မြန်မာနိုင်ငံတွင် ပကတိမြေပြင်၌ဖြစ်ပွားနေသည့် အဖြစ်အပျက်ကိစ္စရပ်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာဇရာဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရမည်။

၂. ကမ္ဘာ့ခေါင်းဆောင်များ၏ တိကျခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်လူသတ်စစ်ကောင်စီ၏လက်ထဲသို့ လက်နက်များ စီးဝင်ရောက်ရှိခြင်းမရှိစေရန် လက်နက်ရောင်းဝယ်မှုတားမြစ်ချက်ကို ချက်ချင်းအတည်ပြုထောက်ခံရမည်။

၃. လေယာဉ်ဆီတင်သွင်းမှုကို တားမြစ်ခြင်းဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်များ ကြီးကြီးမားမားဆုံးရှုံးနေမှုကို ရပ်တန့်စေရမည်။

၄. စစ်ကောင်စီ၏ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားပိတ်ဆို့ပြီး ပြည်ပနိုင်ငံများတွင် အကျင့်ပျက်ခြစားသည့်စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်စေရန် ၎င်းတို့၏ငွေကြေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ထိန်းချုပ်ရမည်။

၅. ထိခိုက်လွယ်သည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ကို ပိုမိုအားကောင်းလာစေရန်လည်းကောင်း၊ (လိုအပ်ပါ) လုပ်ငန်းစဉ်အသစ်ပြန်လည်ချမှတ်ရန်လည်းကောင်း လုပ်ဆောင်ရမည်။ ထိုမှတဆင့် နစ်နာသူပြည်သူများက တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုများကို ပြန်လည်ရရှိနိုင်ရမည်။

၆. မြေပြင်လိုအပ်ချက်များကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေးထောက်ပံ့မှုများကို ဆက်လက်ထောက်ပံ့ရန်နှင့် ပုံစံအသစ်ဖြင့် ထောက်ပံ့ရန် လုပ်ဆောင်ရမည်။ နယ်စပ်ဖြတ်ကျော်အကူအညီများကိုလည်း ဆက်လက်ပေးအပ်ထားရမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများအားလုံးသည် ဒေသတွင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်ဖြစ်သည်။

၇. နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး လေယာဉ်ကွင်း၊ သဘော်ာဆိပ်ကမ်းနှင့် ဘိလပ်မြေလုပ်ငန်းအပါအဝင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းသွားရမည် ဖြစ်သည်။

၈. ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရပြီး မတရားသေဆုံးခဲ့ရသူ အပြစ်မဲ့ပြည်သူများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းပြင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အတိဒုက္ခများကို ထိခိုက်ခံစားခဲ့ရသူများ၊ နာတာရှည်ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက်လည်း စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ရမည် ဖြစ်သည်။

# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

စက်တင်ဘာလ ၂၀၂၄

HURFOM

Human Right Foundation of Monland | September 2024